# မြေမှုံ
# The Mirror

၁၃၆၉ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်၊ သောကြာနေ့၊ (21-9-2007) (၅၄၄၇)

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ၂၀၀၇ ခုနှစ် (၂၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲဖွင့်

ရန်ကုန် စက်တင်ဘာ ၂၀

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်း၌ ကျင်းပသော ၂၀၀၇ ခုနှစ် (၂၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။**

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ တပ်မတော်အရာရှိ၊ အရာခံ၊အကြပ်၊စစ်သည်များနှင့် ၎င်းတို့၏မိသားစုဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဘောလုံးအားကစားဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက မိန့်ခွန်းပြောကြားရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား ဘောလုံးပြိုင်ပွဲများ ကျင်းပပေးနေသည့်ရည်ရွယ်ချက်များမှာ–

- **တပ်မတော်ဘောလုံးအားကစားနည်းစနစ် ဖွံ့ဖြိုးတိုးတက်စေရန်၊**
- **တပ်မတော်သားများ ဘောလုံးအားကစားနည်းကို ကျယ်ပြန့်စွာ ကစားခြင်းဖြင့် စစ်မြေပြင်ကြံ့ခိုင်မှုကို အထောက်အကူပြုစေရန်၊**
- **တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရွေးစင်အသင်းများတွင် သွေးသစ်လောင်းနိုင်မည့် ဘောလုံးအားကစားသမားမျိုးဆက်သစ်များမွေးထုတ်နိုင်ရန်၊**

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✡





**တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ၂၀၀၇ ခုနှစ် (၂၃)ကြိမ်မြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲတွင် မိန့်ခွန်းပြောကြားစဉ်။**

(သတင်းစဉ်)

## မျိုးဆက်သစ်တို့၏ စွမ်းအားဖြင့် ကောင်းမွန်သည့်အနာဂတ်ကို ဖန်တီးဖော်ဆောင်

၂၀၀၇ ခုနှစ်အတွင်း အခြေခံပညာကျောင်းများကို အဆင့်မြှင့်တင်ပေးနိုင်သကဲ့သို့ ကောလိပ် ၅၂ ကျောင်းကို တက္ကသိုလ်အဆင့်သို့ မြှင့်တင်နိုင်ခဲ့ပြီး တက္ကသိုလ်တစ်ခု၊ ကျောင်းဆောင်သစ်တစ်ခုနှင့် ပင်မဆောင်တစ်ခုတို့ကို ဖွင့်လှစ်ပေးနိုင်ခဲ့သည်။



အောင်ရဲလင်း၏ **"မျိုးဆက်သစ်တို့၏ စွမ်းအားဖြင့် ကောင်းမွန်သည့် အနာဂတ်ကို ဖန်တီးဖော်ဆောင်"** (ဆောင်းပါး)

စာမျက်နှာ–၆၊၇

**ရွာရန်ရာနှုန်း ၈၀**

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။**

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ
The Mirror
၂၁-၉-၂၀၀၇
(သောကြာနေ့)

# ပိုလီယိုရောဂါ လုံးဝပပျောက်ရေး

## ကာကွယ်ဆေးတိုက်ကျွေးရေးလုပ်ငန်း အရှိန်အဟုန်မြှင့်ဆောင်ရွက်

နိုင်ငံတော်က အသက်အရွယ်မရွေး လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေထိုင်နိုင်ရေး၊ ရောဂါဘယများမှ ကင်းဝေးစေရေးအတွက် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အလေးထား ဆောင်ရွက်ပေးလျက်ရှိသည်။

အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များအတွက် အာဟာရဖွံ့ဖြိုးရေး၊ ကာကွယ်ဆေးထိုး ဆေးတိုက်ကျွေးရေး၊ ရောဂါနှိမ်နင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကျောင်းကျန်းမာရေး၊ မိခင်နှင့်ကလေးကျန်းမာရေး ပညာပေးလုပ်ငန်းများကို အစဉ်တစိုက် ဖော်ဆောင်ပေးနေသည်။

မြန်မာနိုင်ငံတွင် ကလေးငယ်များအား ရောဂါခုနစ်မျိုးမှ ကင်းဝေးစေရန် တားဆီးကာကွယ်ပေးလျက်ရှိသည်။ အဆိုပါရောဂါများတွင် ပါဝင်သည့် ပိုလီယိုအကြောသေရောဂါ ကင်းစင်စေရေးအတွက် ၁၉၉၆ ခုနှစ်မှစတင်၍ အမျိုးသားကာကွယ်ဆေးတိုက်နေ့များကို ကျင်းပလာခဲ့သည်။ ပြည်နယ်၊ တိုင်း ဒေသအလိုက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်မှုကြောင့် ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၆ ခုနှစ်ဆန်းပိုင်းအထိ ပိုလီယိုအကြောသေရောဂါ လုံးဝပပျောက်သွားခဲ့ကြောင်း သိရသည်။

သို့သော် ရခိုင်ပြည်နယ် မောင်တောမြို့နယ်သို့ တစ်ဖက်နိုင်ငံမှ ပိုလီယိုအရိုင်းပိုး ကူးစက်ဝင်ရောက်မှု ယခုနှစ်ဆန်းပိုင်းက ဖြစ်ပေါ်ခဲ့ကြောင်းသိရသည်။ ယခုအခါ ပိုလီယိုရောဂါပိုးများ၏ ကူးစက်ပြန့်ပွားမှုမှ ထိန်းချုပ်နိုင်ရေးနှင့် ကလေးငယ်များတွင် ရောဂါပိုးခုခံနိုင်မှုစွမ်းအား မြင့်မားနေစေရေးအတွက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ကျင်းပသွားရန် စီစဉ်လျက်ရှိသည်။

အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ပထမအဆင့်ကို ၂၀၀၇ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့မှ ၅ ရက်နေ့အထိလည်းကောင်း၊ ဒုတိယအဆင့်ကို ဒီဇင်ဘာလ ၂ ရက်နေ့မှ ၄ ရက်နေ့အထိလည်းကောင်း ကျင်းပ၍ ပိုလီယိုကာကွယ်ဆေးများ အပိုဆောင်းတိုက်ကျွေးရေး လုပ်ငန်းကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်သည်။ တစ်နိုင်ငံလုံးတွင် မွေးကင်းစမှ ငါးနှစ်အောက်ကလေးပေါင်း ခုနစ်သန်းကျော်ရှိရာ ကာကွယ်ဆေးတိုက်ကျွေးရာတွင် ကျန်းမာရေးဝန်ထမ်းများနှင့်အတူ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာတိုင်းမှ ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် မြန်မာနိုင်ငံ၌ ပိုလီယိုရောဂါ လုံးဝပပျောက်သွားမည် ဖြစ်ပါသည်။ ။



မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်ဆဲဖြစ်သော အိန္ဒိယနိုင်ငံတက္ကသိုလ်အသီးသီးရှိပညာသင်မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်သစ်အတွက် ဒေါက်တာနိုက်တင်ဂေးလ်(ခ) ယဉ်မင်းဦး (ဆေးတက္ကသိုလ်) ဦးဆောင်သော ဓမ္မမိတ်ဆွေများက ကျောင်းဖြစ်မြောက်ရေး အကျိုးတော်ဆောင်ဥက္ကဋ္ဌဆရာတော် အရှင်ရာဇိန္ဒ(နာလန္ဒာ)ထံသို့ အလှူငွေ အမေရိကန်ဒေါ်လာ ၁၀၀ နှင့် ငွေကျပ် ၆၃၀၀၀ ကို တတိယအကြိမ် ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)



ပြည်သူ့သဘောထား
★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# နိုင်ငံသားစိစစ်ရေးကတ်ပြားများ လွယ်ကူလျင်မြန်စွာထုတ်ပေးနိုင်ရေး ဆောင်ရွက်နေ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးမြောက်အောင်ဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၂၀

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် စက်တင်ဘာ ၁၈ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းရှိ ပြည်သူ့အင်အားဦးစီးဌာန အစည်းအဝေးခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ တိုင်း၊ ခရိုင်နှင့် မြို့နယ်ဦးစီးဌာနမှူးများအား တွေ့ဆုံသည်။**





**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ ရန်ကုန်တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ တိုင်း၊ ခရိုင်နှင့် မြို့နယ်ဦးစီးဌာနမှူးများအား အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက အမှာစကားပြောကြားရာ၌ နိုင်ငံတော် အစိုးရသည် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံ ဖြစ်ပေါ်ရေးအတွက် ကြိုးပမ်းဖော်ဆောင်ပေးလျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ဖော်ဆောင်ပေးလျက်ရှိရာ မိမိတို့ဝန်ထမ်းများကလည်း ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ ကျရာအခန်းကဏ္ဍက တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြရန်လိုကြောင်း၊ ယခုအခါ နိုင်ငံတစ်ဝန်း နိုင်ငံသားစိစစ်ရေး ကတ်ပြားများ လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက် လုပ်ရှားမှုတစ်ရပ်အသွင်ဖြင့် ဆောင်ရွက်လျက်ရှိရာ ပြည်နယ်နှင့်တိုင်းအသီးသီးတို့၌ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းကို နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများ စိစစ်ထုတ်ပေးရာတွင် စက်ရုံ၊ အလုပ်ရုံ၊ ကျောင်း စသည်တို့၌ ပင် နေရာလပ်မကျန်အောင် စိစစ်၍ ပြည်သူများအနေဖြင့် နိုင်ငံသားအရည်အချင်းအရ အမျိုးအစားအလိုက် ရသင့်သည့် ကတ်ပြားကိုင်ဆောင်ခွင့်ရရှိရေးအတွက် စနစ်တကျ စိစစ်ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ပြည်သူ့အင်အားဦးစီးဌာနအနေဖြင့်လည်း နိုင်ငံတစ်ဝန်း အေးချမ်းတည်ငြိမ်နေပြီဖြစ်၍ လူဦးရေစစ်တမ်းဆိုင်ရာများ၊ လူဦးရေ ကိန်းဂဏန်းများတိကျမှန်ကန်စေရေးအတွက် စနစ်တကျဆောင်ရွက်ကြရန်လိုကြောင်း၊ ဝန်ကြီးဌာန၏ ရည်မှန်းချက် တာဝန်များအောင်မြင်ရေးအတွက် ဝန်ထမ်းများအနေဖြင့် တက်တက်ကြွကြွ ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

ထို့နောက် ပြည်သူ့အင်အား ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်စိုးစိုးအောင်က လူဦးရေ စစ်တမ်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ ရန်ကုန်တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှဒေါင်းက ရန်ကုန်တိုင်းအတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြား စိစစ်ထုတ်ပေးဆောင်ရွက်ရာတွင် မြို့နယ် ၁၆ မြို့နယ်တို့၌ ကတ်ပြားထုတ်ပေးမှု ပြီးပြတ်အောင်မြင်စွာဆောင်ရွက်ပြီးစီးမှု၊ ကျန်မြို့နယ်များတွင်လည်း အမြန်ဆုံး ပြီးပြတ်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး လုပ်ငန်းများ အောင်မြင်ရေးအတွက် အခြားဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် လက်တွဲပူးပေါင်း ကြိုးပမ်းဆောင်ရွက်ကြရေး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်အကြို လှုပ်ရှားမှု အခမ်းအနားကို စက်တင်ဘာ ၁၄ ရက်က ကျင်းပရာ ကိုယ်ဝန်ဆောင် ၄၅ ဦးအား သံဓာတ်ဆေးပြား၊ ဘီဝမ်းဆေးပြား၊ အိမ်သုံးဆားနှင့် ကြက်ဥများ ထောက်ပံ့ပေးအပ်ရာ ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သောင်းမြနှင့် တာမွေမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်အေးဆွေတို့က ပစ္စည်းများ ပေးအပ်ကြစဉ်။** (၀၈)



**လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာ ကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီ (ရွှေသီဂီရတနာဓမ္မာရုံ၊ အမှတ် ၉၈၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်)သို့ မိဘများ ဦးဘဦး-ဒေါ်ခင်တင်တို့ကို ရည်စူး၍ သီရိမင်္ဂလာ ဥယျာဉ်အိမ်ရာ ကမ်းနားလမ်း အလုံမြို့နယ်နေ ဦးချစ်ပိုင်-ဒေါ်ပို မိသားစုက ငွေကျပ်တစ်သိန်း လှူဒါန်းရာ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့် လက်ခံရယူစဉ်။** (က-ပ)



**ရန်ကုန်မြို့ ဒဂုံမြို့နယ် စကားဝါလမ်းနေ မိဘများဖြစ်ကြသော ဦးကျင်ထွေး-ဒေါ်အုန်းကြင်တို့အား အမှူးထား၍ သားကိုအောင်သူက ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် ၁၀၀၀၀၀ လှူဒါန်းရာ ဌာနခွဲမှူး(စီမံ) ဦးလှရှိန် လက်ခံယူစဉ်။** (က-ပ)

# ကျောက်မြောင်း ဝါတွင်းအထူးတရားပွဲများ

**ရန်ကုန် စက်တင်ဘာ ၂၀**

တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ဓမ္မဝိဟာရလမ်း၊ ကျားကွက်သစ်ရပ်ကွက်လုံးဆိုင်ရာ သာသနာ့ဟိတဓမ္မာရုံကြီး၌ အမြတ်ဆုံး အသိဉာဏ်တရားအလှူပွဲကြီး ကျင်းပမည်ဖြစ်ရာ စက်တင်ဘာ ၂၄ ရက်တွင် အရှင်ကဝိဓဇလင်္ကာရ (မဟာဂန္ဓာရုံ) ဆရာတော်ကလည်းကောင်း၊ စက်တင်ဘာ ၂၅ ရက်တွင် ဓမ္မဘေရီ အရှင်ဝီရိယ (တောင်စွန်း) ဆရာတော်ကလည်းကောင်း၊ စက်တင်ဘာ ၂၆ ရက်တွင် အရှင်ဇဝန (မုံလယ်တောရ) ဆရာတော် အရှင်မြတ်ကလည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

✡ ရှေ့ဖုံးမှ

- **တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရွေးစင်များအဖြစ် အဆင့်မြင့်တန်း ဘောလုံးပြိုင်ပွဲများတွင် ပါဝင်ကစားခွင့်ရရှိပြီး စွမ်းရည်မြင့်မားလာသည်နှင့်အမျှ မြန်မာ့လက်ရွေးစင်များအဖြစ် နိုင်ငံတကာ ဘောလုံးပြိုင်ပွဲများ၌ နိုင်ငံတော်ကိုယ်စားပြု ယှဉ်ပြိုင်နိုင်ရန်**

စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပနေခြင်းဖြစ်ကြောင်း။

မိမိတို့တပ်မတော်၏ အဓိကလုပ်ငန်းတာဝန်ကြီးသုံးရပ်ထဲတွင် နိုင်ငံတော်ကို ကာကွယ်ရန်ဆိုသည့်အချက်သည် အဓိကအရေးအကြီးဆုံးအချက်ဖြစ်ကြောင်း၊ နိုင်ငံတော်ကို ကာကွယ်နိုင်ရန်အတွက် တပ်မတော်သားတိုင်းသည် ကျန်းမာကြံ့ခိုင်နေရန်လိုအပ်ကြောင်း၊ ထို့အပြင် တပ်မတော်၏ အား ၁၀ ပါးတွင်လည်း ကျန်းမာကြံ့ခိုင်မှုဆိုသည့်အချက်ကို ထည့်သွင်းထားသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်သားများ ကျန်းမာကြံ့ခိုင်ရန်အတွက် တပ်ရင်းတပ်ဖွဲ့အလိုက်၊ တိုင်း၊ တပ်မအလိုက် အားကစားပြိုင်ပွဲများကို နှစ်စဉ်ကျင်းပပေးနေသည့်အပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒိုင်း၊ ဖလားအားကစားပြိုင်ပွဲများကိုလည်း နှစ်စဉ် ကျင်းပပေးနေခြင်းဖြစ်ကြောင်း။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲကို ၁၉၆၂နှစ်ကတည်းက နှစ်စဉ် မပျက်မကွက် ကျင်းပပေးခဲ့ခြင်းဖြစ်ပြီး ယခုပြုလုပ်သည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲဆိုလျှင် ၁၉၈၅ ခုနှစ်ကစပြီး နှစ်စဉ် ကျင်းပပေးခဲ့သည့်အတွက် ယခုဆိုလျှင်(၂၃)ကြိမ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်ဟု ပြောကြားလိုကြောင်း။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်အောင် ကြိုးပမ်းတည်ဆောက်လျက်ရှိကြောင်း၊ ယင်းသို့ ကြိုးပမ်းတည်ဆောက်ရာတွင် ဦးတည်ချက်(၁၂)ရပ်ကို လုပ်ငန်းလမ်းစဉ်အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းဦးတည်ချက်(၁၂)ရပ်အနက် လူမှုရေးဦးတည်ချက်(၄)ရပ်တွင် “တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး”ဆိုသည့် ဦးတည်ချက်ကို ထည့်သွင်းဖော်ပြထားသည်ကို တွေ့ရမှာဖြစ်ကြောင်း၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်မှုနှင့် ပညာရည်မြင့်မားမှုသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် အဓိကကျသည်ဆိုသည်ကို ပြောကြားလိုကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရသည် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရန် မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်နှင့် နိုင်ငံတော်အဆင့် အားကစားပြိုင်ပွဲများကို နှစ်စဉ် ပြုလုပ်ပေးနေခြင်းဖြစ်ကြောင်း၊ ထို့အပြင် “မြန်မာ့အားကစား ကမ္ဘာကိုလွှမ်းစေရမည်”ဆိုသည့် အားကစားရည်မှန်းချက်ကို ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

အားကစားအဆင့်အတန်း တိုးတက်မြင့်မားအောင်မြင်ခြင်းသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ညွှန်းပြသနေကြောင်း၊ ထို့ကြောင့် နိုင်ငံအနေဖြင့် အားကစားနယ်ပယ်တွင် ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်အောင် အားကစားဝန်ကြီးဌာနကို ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိကြောင်း။

ထို့အပြင် မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် မြန်မာ့အားကစားနှင့် ကာယပညာကော်မတီတို့ကိုလည်း ပြင်ဆင်ဖွဲ့စည်းပေးခဲ့ကြောင်း၊ အားကစားနည်းအလိုက် အဖွဲ့ချုပ်များ ဖွဲ့စည်းပေးပြီး အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများကိုလည်း စနစ်တကျ ဆောင်ရွက်လျက်ရှိကြောင်း၊ အားကစားနည်းအလိုက် အထောက်အကူပြုပစ္စည်းများနှင့် အားကစားအဆောက်အအုံကြီးများကိုလည်း ငွေကြေးအမြောက်အမြား အကုန်အကျခံ တည်ဆောက်ပေးခဲ့ပြီး အားကစားနှင့် ကာယပညာသိပ္ပံကျောင်းကိုလည်း ဒီပလိုမာအဆင့်ပေးနိုင်သည်အထိ ဖွင့်လှစ်ပေးခဲ့သည့်အပြင် အဆင့်မီ မျိုးဆက်သစ် အားကစားသမားများကိုလည်း မွေးထုတ်ပေးလျက်ရှိကြောင်း။

အားကစားနည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံတကာ အားကစားအတွေ့အကြုံများရရှိစေရန်အတွက်လည်း နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်စေပြီး ချစ်ကြည်ရေးပြိုင်ပွဲများနှင့် ဖိတ်ခေါ်ပြိုင်ပွဲများကို ပြုလုပ်ပေးနေခြင်းဖြစ်ကြောင်း။

အားကစားအဆင့်အတန်း တိုးတက်မြင့်မားမှုသည် နိုင်ငံတော်၏ဂုဏ်ကို မြှင့်တင်ပေးနိုင်သကဲ့သို့ အားကစားအောင်နိုင်မှုသည်လည်း နိုင်ငံသားများ၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် မျိုးချစ်စိတ်ဓာတ်ကို လှစ်ဟပြသနိုင်ကြောင်း၊ တစ်ချိန်က မိမိတို့နိုင်ငံ၏ ဘောလုံးအသင်းသည် အောင်မြင်မှုအရှိန်အဟုန်ကြီးမားခဲ့ဖူးကြောင်း၊ အရှေ့တောင်အာရှနှင့် အာရှပြိုင်ပွဲများတွင် အကြိမ်ကြိမ် အောင်မြင်မှုများ ရရှိခဲ့ကြောင်း၊ ယင်းခေတ်အခါက မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းတွင် မိမိတို့တပ်မတော်သားများသည် အမာခံအဖြစ် ပါဝင်ခဲ့ကြကြောင်း။

မိမိတို့နိုင်ငံ လက်ရွေးစင်ဘောလုံးအသင်း၏ ၂၀၀၇ ခုနှစ်အတွင်း နိုင်ငံတကာ ဘောလုံးပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်မှုကိုကြည့်လျှင် ဩဂုတ် ၂၂ ရက်မှ ၂၇ ရက်အထိ ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သည့် မြန်မာ၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ ထိုင်းနိုင်ငံတို့ ပါဝင်သည့် မဲခေါင်ဒေသ ငါးနိုင်ငံ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲတွင် ရှုံးပွဲလုံးဝမရှိဘဲ အနိုင်ရ ဗိုလ်စွဲခဲ့ကြောင်း၊ ဩဂုတ် ၂၀ ရက်မှ ၂၉ ရက်အထိ မလေးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် (၃၉)ကြိမ်မြောက် မာဒေးကားဖလား ဘောလုံးပြိုင်ပွဲတွင် ဒုတိယရရှိခဲ့ကြောင်း၊ မိမိတို့နိုင်ငံ ဘောလုံးအသင်းသည် ၂၀၀၆ ခုနှစ် မာဒေးကားဖလား ဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့ပြီး ယခုနှစ်အပါအဝင် ဗိုလ်လုပွဲကို ရှစ်ကြိမ် တက်ရောက်ခဲ့ကာ လေးကြိမ်တိတိ အနိုင်ရဗိုလ်စွဲခဲ့သည့်အသင်းဖြစ်ကြောင်း။

အလားတူပင် မိမိတို့နိုင်ငံ လက်ရွေးစင်အမျိုးသမီး ဘောလုံးအသင်း၏ အောင်မြင်မှုကိုကြည့်လျှင် မကြာသေးမီက ကျင်းပပြီးစီးသွားခဲ့သည့် ၂၀၀၇ခုနှစ် တတိယအကြိမ် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် ချန်ပီယံဆုဖလားကြီးကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်နိုင်ငံ ရှစ်နိုင်ငံ ပါဝင်ခဲ့ပြီး မိမိတို့နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရခဲ့သည့် ယင်းပြိုင်ပွဲကြီးတွင် မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းသည် ပြိုင်ဘက်ဖြစ်သည့် ထိုင်းနိုင်ငံ အမျိုးသမီးလက်ရွေးစင်ဘောလုံးအသင်းကို စိတ်ဓာတ်ကြံ့ခိုင်မှု၊ စည်းလုံးညီညွတ်မှုနှင့် မိမိတို့ မြန်မာပရိသတ်ကြီး၏ တစ်ခဲနက်အားပေးမှုများဖြင့် ပေါင်းစပ်ပြီး ပြတ်ပြတ်သားသားအနိုင်ယူကာ ချန်ပီယံဆုဖလားကြီးကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့ခြင်းပင်ဖြစ်ကြောင်း၊ အာဆီယံ အမျိုးသမီးဘောလုံးပြိုင်ပွဲကို ၂၀၀၅ ခုနှစ်တွင် စတင်ကျင်းပခဲ့ရာ ယခုနှစ်အထိ ပြိုင်ပွဲသုံးကြိမ် ကျင်းပပြီးစီးခဲ့ရာတွင် မိမိတို့ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် ချန်ပီယံဆုဖလားကြီးကို နှစ်ကြိမ်တိတိ ဆွတ်ခူးရရှိခဲ့ကြောင်းကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ဘောလုံးအားကစားစွမ်းရည်ဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ခဲ့သည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းကို ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်ကြောင်းကို ထည့်သွင်းပြောကြားလိုကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ကာကွယ်ရေးဝန်ကြီးဌာန လက်ရွေးစင်ဘောလုံးသမားများအဖြစ် ရွေးချယ်ခံရပြီး တစ်ဆင့်တက်ကာ နိုင်ငံ့လက်ရွေးစင်ဘောလုံးအသင်းတွင် ပါဝင်ယှဉ်ပြိုင်ကစားပြီး



(၂၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲဝင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဘောလုံးအသင်းကို တွေ့ရစဉ်။ (ကြေးမုံ)

နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်သည့် အားကစားသမားများအဖြစ် ရွေးချယ်ခံရအောင် ကြိုးပမ်းယှဉ်ပြိုင်သွားကြပါဟု မှာကြားလိုကြောင်း။

ယနေ့ နိုင်ငံတကာအားကစားလောကကို ကြည့်မည်ဆိုလျှင် အားကစားဆိုင်ရာပစ္စည်းများသည် တိုးတက်ပြောင်းလဲနေသည်ကို တွေ့ရမည်ဖြစ်သကဲ့သို့ လေ့ကျင့်ရေးပိုင်း၌ နည်းစနစ်ပိုင်းများတွင်လည်း တစ်ဟုန်ထိုး ပြောင်းလဲတိုးတက်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ယင်းသို့ ပြောင်းလဲတိုးတက်မှုများကို ရင်ပေါင်တန်းပြီး အမီလိုက်နိုင်ရန် နိုင်ငံတော်က ဆောင်ရွက်ပေးနေသကဲ့သို့ မိမိတို့ကလည်း အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

အားကစားလောကတွင် ထူးချွန်အောင်မြင်ရန်အတွက် အဓိကလိုအပ်ချက်သည် စိတ်ဓာတ်နှင့် စည်းကမ်းကောင်းမွန်ရေးပင်ဖြစ်ကြောင်း၊ စိတ်ဓာတ်ကောင်းမွန်မှသာ ကိုယ်ရည်ကိုယ်သွေးနှင့် စွမ်းရည်ထက်မြက်သည့် အားကစားသမားကောင်းများ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ ထိုနည်းတူ စည်းကမ်းကောင်းမွန်မှသာ အုပ်ချုပ်မှုစည်းကမ်း၊ လေ့ကျင့်မှုစည်းကမ်းနှင့် ပြိုင်ပွဲဝင်စည်းကမ်းများကို တိကျစွာ လိုက်နာနိုင်မည်ဖြစ်ပြီး အောင်မြင်သည့် အားကစားသမားကောင်း ဖြစ်လာနိုင်မည်ဆိုသည်ကို အလေးအနက် မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ–

- **အားကစားအဆင့်အတန်း တိုးတက်အောင်မြင်မှုသည် နိုင်ငံနှင့်လူမျိုး၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြှင့်တင်ပေးသည့် ဂုဏ်ဒြပ်ဖြစ်ခြင်းကြောင့် အားကစားအဆင့်အတန်း မြင့်မားတိုးတက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အလေးအနက် ခံယူကြိုးပမ်းကြပါ၊**
- **စိတ်ဓာတ်၊ စည်းကမ်း ကောင်းမွန်စွာ အားကစားစိတ်ဓာတ်အပြည့်ဖြင့် ယှဉ်ပြိုင်ကြပါ၊**
- **အသင်းအုပ်ချုပ်သူများ၊ နည်းပြဆရာများနှင့် ဒိုင်လူကြီးများ၏ ညွှန်ကြားချက်များကို တိတိကျကျ လိုက်နာဆောင်ရွက်ကြပါ၊**
- **တပ်မတော်(ကြည်း၊ရေ၊လေ) လက်ရွေးစင်အဖြစ်မှသည် နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင် ဘောလုံးအားကစားသမားကောင်းများ ဖြစ်အောင် ကြိုးပမ်းယှဉ်ပြိုင်သွားကြပါ**

ဟု မှာကြားရင်း နိဂုံးချုပ်လိုက်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေအား ပြိုင်ပွဲဝင် ဘောလုံးအသင်းများက စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ကာကွယ်ရေးဝန်ကြီးဌာနစခန်းမှူးရုံး ဘောလုံးအသင်းနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ဘဲ ဂိုးမရှိ သရေပွဲဖြစ်သွားသည်။

ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို နယ်ဇုန်များတွင် စက်တင်ဘာ ၂၄ ရက်မှ အောက်တိုဘာ ၃ ရက်အထိ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ (က) အုပ်စု ရတခဇုန်(မော်လမြိုင်)၊(ခ)အုပ်စု နတခဇုန်(ပုသိမ်)၊ (ဂ)အုပ်စု နမခဇုန်(မုံရွာ)၊ (ဃ)အုပ်စု လပခဇုန်(မန္တလေး)၊ (င)အုပ်စု တပခဇုန်(တောင်ငူ)တို့၌ အသီးသီး ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ (သတင်းစဉ်)



**အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်း၏ တိုက်စစ်ကို ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်း ဂိုးသမား ထွန်းထွန်းနိုင်နှင့် နောက်ခံလူများ ကာကွယ်ကြစဉ်။** (ကြေးမုံ)

# မြန်မာနိုင်ငံပြန်တမ်း

**နေပြည်တော် စက်တင်ဘာ ၂၀**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဦးဝင်းအား ယင်းဦးစီးဌာန၊ ဟသာ်တတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်–

| အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|
| (က) ဦးပေါ်လွင်စိန်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>လေ့ကျင့်ရေး၊ သုတေသနနှင့်<br>နိုင်ငံခြားဘာသာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>လေ့ကျင့်ရေး၊ သုတေသနနှင့်<br>နိုင်ငံခြားဘာသာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (ခ) ဦးမောင်မြင့်<br>ညွှန်ကြားရေးမှူး<br>လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့အင်အားဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့<br>အင်အားဝန်ကြီးဌာန |
| (ဂ) ဦးခင်မောင်ဇော်<br>ဒုတိယပါမောက္ခချုပ်<br>သစ်တောတက္ကသိုလ်<br>သစ်တောဦးစီးဌာန<br>သစ်တောရေးရာဝန်ကြီးဌာန | ပါမောက္ခချုပ်<br>သစ်တောတက္ကသိုလ်<br>သစ်တောဦးစီးဌာန<br>သစ်တောရေးရာဝန်ကြီးဌာန |

# မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ရုံးချုပ်) အဆောက်အအုံဆောက်လုပ်ရေးအတွက် အလှူငွေများပေးအပ်

**ရန်ကုန် စက်တင်ဘာ ၂၀**

ဆောက်လုပ်လျက်ရှိသော မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း (ရုံးချုပ်) အဆောက်အအုံအတွက် စေတနာရှင်အလှူရှင်များက အလှူငွေများ လာရောက်လှူဒါန်းလျက်ရှိရာ စက်တင်ဘာ ၁၇ ရက်တွင် SYSTEM ENGINEERING Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးကျော်ကျော်စိုးက ငွေကျပ်သိန်း ၂၅၀ ကို မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးစံသိန်းထံ ပေးအပ်လှူဒါန်းသည်။

ယခုအခါ အဆောက်အအုံမှာ ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆောက်အအုံဆောက်လုပ်ရန် ပါဝင်လှူဒါန်းလိုသူများသည် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း အခန်း(၁၀၁/၁၀၂) တိုက်(၃) မြိုင်ဟေဝန်အိမ်ရာစခန်း ကျိုက်ဝိုင်းဘုရားလမ်း မရမ်းကုန်းမြို့နယ် ဖုန်း–၀၁–၆၆၇၂၇၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

# လာမည့် နှစ် ၂၀ကာလ၌ တရုတ်တွင် လေယာဉ် စင်းရေ ၃၄၀၀ လိုအပ်မည်

**ပေကျင်း စက်တင်ဘာ ၁၉**

လာမည့် နှစ် ၂၀ ကျော်တွင် တရုတ်နိုင်ငံ၌ အမေရိကန်ဒေါ်လာ ၃၄၀ ဘီလီယံခန့်တန်ဖိုးရှိ လေယာဉ်သစ် ၃၄၀၀ လိုအပ်လိမ့်မည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံ ဘိုးအင်းလေယာဉ်ကုမ္ပဏီက စက်တင်ဘာ ၁၈ ရက်တွင် ပြောကြားသည်။

ခရီးသည်နှင့် ကုန်ပစ္စည်းသယ်ယူပို့ဆောင်မှုလုပ်ငန်း ကြီးမားတိုးတက်လာသည့်အတွက် တရုတ်နိုင်ငံသည် ၂၀၂၆ ခုနှစ်အကုန်တွင် လေယာဉ် ၄၄၆၀ စင်းသို့ လေးဆနီးပါးတိုးမြှင့်ရမည်ဖြစ်ကြောင်း ဘိုးအင်းကုမ္ပဏီက ပြောကြားသည်။

၂၀၀၈ ခုနှစ် ပေကျင်းအိုလံပစ်အားကစားပွဲအတွက် ခရီးသည်များသွားလာမှု တစ်ဟုန်ထိုးများပြားလာမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံ ပြည်တွင်းဈေးကွက်သည် ၂၀၂၆ ခုနှစ်တွင် ယနေ့ မြောက်အမေရိကနိုင်ငံထက် ငါးဆနီးပါးတိုးတက်လိမ့်မည်ဖြစ်ကြောင်း ဘိုးအင်းကုမ္ပဏီက ပြောကြားသည်။

တရုတ်နှင့် မြောက်အမေရိကနိုင်ငံ လေကြောင်းသွားလာမှု တိုးတက်လာသကဲ့သို့ တရုတ်နှင့် ဥရောပနိုင်ငံအကြား လာမည့်နှစ် ၂၀ နှစ်အတွင်း လေကြောင်းသွားလာမှု နှစ်ဆကျော်တိုးတက်လာလိမ့်မည်ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



တရုတ်နိုင်ငံကျန်စုပြည်နယ် နန်ကျင်းမြို့ရှိ ငါးပြတိုက်တွင် မွေးမြူထားသော လင်းပိုင်နှစ်ကောင်ကို စက်တင်ဘာ ၁၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-ဆင်ဟွာ)

# ဗီယက်နမ်၌ ကုန်ပစ္စည်းအတုများ ပျံ့နှံ့လျက်ရှိ

**ဟနွိုင်း စက်တင်ဘာ ၁၉**

ဗီယက်နမ်နိုင်ငံ၌ အဖျော်ယမကာ၊ စီးကရက်၊ ဓာတ်မြေသြဇာနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ အပါအဝင် ကုန်ပစ္စည်းအတုများ ရောင်းဝယ်မှုနှင့် ထုတ်လုပ်မှုမှာ နိုင်ငံတစ်ဝန်းပျံ့နှံ့လျက်ရှိကြောင်း ဗီယက်နမ်နယူးစ် သတင်းစာက တနင်္လာနေ့တွင် ဖော်ပြသည်။

လွန်ခဲ့သည့်ငါးနှစ်အတွင်း ပြည်တွင်းဈေးကွက်၌ ဖြန့်ချိခဲ့သည့် ကုန်ပစ္စည်းအတု ပမာဏမှာ အလွန်ကြီးမားလျက်ရှိကြောင်း စာရင်းမှတ်တမ်းများအရ သိရှိရသည်။

**ပါဝင်**

ယင်းကုန်ပစ္စည်း အတုများတွင် ဆေးဝါးအတုများ အပါအဝင်ဟင်းခတ်အချို့မှုန့် ရှစ်တန်၊ ဘိလပ်မြေတန် ၈၅၀၀၀၊ သံမဏိ ပစ္စည်း တန် ၅၀၀၀၀၊ အလှပြင်ပစ္စည်း ၂၅တန်၊ အရက်ပုလင်း ၂၅၄၅၀၊ ဘီယာပုလင်း ၅၀၀၀၀ နှင့် ဓာတ်မြေ သြဇာ တန် ၁၅၀၀၀ တို့ ပါဝင်သည်။

**စစ်ဆေး**

ကုန်ပစ္စည်းအတု ထုတ်လုပ်ခြင်း သို့မဟုတ် ရောင်းဝယ်ခြင်း ပြုလုပ်ကြောင်း စစ်ဆေးတွေ့ရှိရသူများအား ဒဏ်ငွေချမှတ်လေ့ရှိသည်။ အမေရိကန်ဒေါ်လာ ၁၈၇၀ ကျော် တန်ဖိုးရှိသည့် ကုန်ပစ္စည်းအတု ထုတ်လုပ်သူများ သို့မဟုတ် ရောင်းဝယ်သူများကိုသာ လျှင် တရားရုံးတွင် အမှုစစ်ဆေးသည်။

***အမ်အင်အေ၊ဆင်ဟွာ။***




# သွေးလွန်တုပ်ကွေး ရောဂါကြောင့် စင်ကာပူ၌ရှစ်ဦးသေဆုံး

**စင်ကာပူ စက်တင်ဘာ ၁၉**

အသက် ၆၀ နှစ်ရှိ အမျိုးသမီးတစ်ဦး ပြီးခဲ့သော အပတ်က သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားပြီး သေဆုံးကြောင်း၊ ယခုနှစ်၌ စင်ကာပူနိုင်ငံတွင် သွေးလွန်တုပ်ကွေး ရောဂါကြောင့် သေဆုံးသူ ရှစ်ဦးရှိပြီဖြစ်ကြောင်း စင်ကာပူနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက စက်တင်ဘာ ၁၈ ရက်တွင် ပြောကြားသည်။

အဆိုပါအမျိုးသမီးသည်စက်တင်ဘာ ၉ရက် က ကိုယ်လက်ကိုက်ခဲသဖြင့် ဆရာဝန် ထံ ပြသခဲ့ပြီး နှစ်ရက်အကြာ သက်သာ ခဲ့သည်။ စက်တင်ဘာ ၁၂ ရက်တွင် ထပ်မံနေမကောင်းဖြစ်ပြီး ဗိုက်အောင့်၍ မူးဝေသဖြင့် ဒေသဆိုင်ရာ တက္ကသိုလ် ဆေးရုံ သို့ တက်ရောက်ကုသရာ စက်တင်ဘာ ၁၅ ရက်တွင် သေဆုံးခဲ့ သည်။

သွေးလွန်တုပ်ကွေး ရောဂါသည် အပြင်းဖျားခြင်း၊ ပျို့ချင်အန်ချင်ခြင်း၊ အရေပြားပေါ်တွင် အဖုအပိမ့် အနီကွက်ထခြင်း၊ ကျောအောင့်ခြင်းနှင့် ခေါင်းကိုက်ခြင်း စသော လက္ခဏာဖြစ်ပေါ်စေသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



**ကိုလံဘီယာနိုင်ငံ ဓာရဲလ် အရပ်တွင် မူးယစ်ဆေးဝါး နှိမ်နင်းမှု စစ်ဆင်ရေး ပြုလုပ်နေသည်ကို စက်တင်ဘာ ၁၉ရက် က တွေ့ရစဉ်။**

(ဓာတ်ပုံ-ဆင်ဟွာ)

# ဖူးခက်ကျွန်းခရီးသွားလုပ်ငန်း ယခုနှစ်ကုန်ပိုင်းတွင် ပြန်လည်ကောင်းမွန်လာမည်ဟု ထိုင်းဝန်ကြီး ပြောကြား

**ဗန်ကောက် စက်တင်ဘာ ၁၉**

ခရီးသည် ၈၉ဦးသေဆုံးပြီး ၄၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ထိုင်းနိုင်ငံ ဖူးခက်အပန်းဖြေကျွန်းတွင် လွန်ခဲ့သည့် တနင်္ဂနွေနေ့က ဖြစ်ပွားခဲ့သော လေယာဉ်ပျက်ကျမှုဖြစ်ရပ်ကြောင့် နာမည်ကြီး ဖူးခက်အပန်းဖြေကျွန်း၏ ခရီးသွားလုပ်ငန်းကို ထိခိုက်စေနိုင်သော်လည်း ရေတိုကာလအထိသာ ထိခိုက်နိုင်ကြောင်း ထိုင်းတာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားကြသည်။

ယင်းလေယာဉ်ပျက်ကျသည့်ဖြစ်ရပ်ကြောင့် ခရီးသွားလုပ်ငန်းတွင် ထိခိုက်မည်မှာ အမှန်ဖြစ်ကြောင်း၊ သို့ရာတွင် ရေတိုကာလ၌ ထိခိုက်နိုင်ပြီး ခရီးသွားရာသီမတိုင်မီ ခရီးသွားလုပ်ငန်း ပြန်လည်ကောင်းမွန်နိုင်သည်ဟု မိမိမျှော်လင့်ကြောင်း၊ ထိုင်းခရီးသွားလာရေးနှင့် အားကစားဝန်ကြီး ဆူဗစ်ယက်မာနီ၏ ပြောကြားချက်ကို ကိုးကား၍ သည်နေရှင်းသတင်းစာက ဖော်ပြသည်။

၂၀၀၄ခုနှစ်က ဖြစ်ပွားခဲ့သည့် ဆူနာမီဒီလှိုင်း သဘာဝဘေးအန္တရာယ် ကျရောက်ပြီး ပြန်လည်ကောင်းမွန်လာခဲ့သော ဖူးခက်ကျွန်း၏ ခရီးသွားလုပ်ငန်းသည် လွန်ခဲ့သည့်နှစ်အတွင်း ခရီးသည် ငါးသန်းအထိ လာရောက်ခဲ့ရာ ထိုင်းခရီးသွားလာရေးဌာန ဝင်ငွေ၏ သုံးပုံတစ်ပုံခန့်အထိ ရှိခဲ့သည်။

ဖူးခက်ကျွန်း၏ ခရီးသွားလုပ်ငန်းသည် ခရီးသွားရာသီဖြစ်သည့် ယခုနှစ်ကုန်ပိုင်းတွင် ပြန်လည်နိုးထလာနိုင်သည်ဟု ဆူဗစ်က ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး၏ သတိပေးပြောကြားချက် အီရန်ရှုတ်ချ

**တီဟီရန် စက်တင်ဘာ ၁၉**

အီရန် နျူကလီးယားပြဿနာနှင့် ပတ်သက်၍ စစ်ပွဲနှင့် ကြုံတွေ့နိုင်သည်ဟု ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ဘားနပ်ကူချ်နာ၏ သတိပေးချက်အပေါ် အီရန်က တနင်္လာနေ့က ရှုတ်ချကြောင်း အိုင်အာအင်အေသတင်းဌာနက ဖော်ပြသည်။

ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ကူချ်နာ၏ ပြောကြားချက်သည် ဥရောပသမဂ္ဂ၏ အီရန်ဆိုင်ရာ မူဝါဒများနှင့် ဆန့်ကျင်ဖီလာဖြစ်နေပြီး နိုင်ငံတကာအဏုမြူစွမ်းအင် အေဂျင်စီ၏ စွမ်းဆောင်နိုင်မှုနှင့် ယုံကြည်ကိုးစားမှုအပေါ် မေးခွန်းထုတ်စရာ ပြဿနာဖြစ်နေသည်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ မိုဟာမက်အလီဟော့ဆိနီက ပြောကြားသည်။

ကူချ်နာ၏ ပြောကြားချက်များသည် ပြင်သစ်နိုင်ငံ၏ သမိုင်းအစဉ်အလာ၊ ယဉ်ကျေးမှု၊ ပြင်သစ်နိုင်ငံ၏ ဂုဏ်သိက္ခာနှင့် အနေအထားတို့နှင့် ဆန့်ကျင်နေသည်ဟု ဟော့ဆိနီက ထပ်လောင်းပြောကြားသည်။

ကူချ်နာ၏ ပြောကြားချက်များသည် အမေရိကန် တာဝန်ရှိပုဂ္ဂိုလ်များ၏ အသုံးမတည့်သည့် မဟာဗျူဟာများနှင့် တစ်ထပ်တည်းဖြစ်နေပြီး လက်တွေ့မကျသည့် သတင်းမှားသာဖြစ်ကာ ပြင်သစ်နိုင်ငံအတွက်လည်း အကျိုးဖြစ်ထွန်းမှုမရှိဟုဝင်းက ဆက်လက်ပြောကြားသည်။

မိမိတို့အနေဖြင့် အဆုံးစွန်ဆုံး စစ်ပွဲအထိပင် ပြင်ဆင်ထားကြောင်း ကူချ်နာက ပြင်သစ်ရုပ်မြင်သံကြားနှင့် တွေ့ဆုံမေးမြန်းရာတွင် ပြောကြားခဲ့သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

**အီရတ်နိုင်ငံ မြောက်ပိုင်း ဘေဂျီမြို့တွင် ရေနံပိုက်လိုင်း ပေါက်ကွဲမှုကြောင့် မီးလောင်နေသော ရေနံများ တိုက်ဂရစ်မြစ်အတွင်း စီးဆင်းနေသည်ကို စက်တင်ဘာ ၁၉ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-ဆင်ဟွာ)



# ဗြိတိန်နိုင်ငံ တောင်ပိုင်းတွင် ခွာနာလျှာနာရောဂါ ထပ်မံဖြစ်ပွား

**လန်ဒန် စက်တင်ဘာ ၁၉**

ဗြိတိန်နိုင်ငံတောင်ပိုင်းရှိ မွေးမြူရေးလုပ်ငန်းတစ်ခု၌ မွေးမြူထားသော သိုးများ၏သွေးကို စစ်ဆေးကြည့်ရာ ခွာနာလျှာနာရောဂါဖြင့် ဆက်စပ်နေသည့် အထောက်အထားတွေ့ရသည်။ ထို့ကြောင့် ခြံရှိ သိုးအားလုံးကို ရှင်းလင်းသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနက စက်တင်ဘာ ၁၇ ရက်တွင် ပြောကြားသည်။

လန်ဒန်မြို့ အနောက်ဘက် ကန့်သတ်ဇုန်နယ်မြေအတွင်းရှိ ယင်းဇုန်တွင် ပြီးခဲ့သော သီတင်းပတ်က ခွာနာလျှာနာဖြစ်သော ကျွဲနွားများကို တွေ့ရပြီးနောက် ဝက်နှင့် နွားများအားလုံးကို သုတ်သင်ပစ်ခဲ့သည်။

**ကနဦးစစ်ဆေး**

တိရစ္ဆာန်များ၏သွေးကို ကနဦးစစ်ဆေးမှုများ ပြုလုပ်ရာ၌ ခွာနာလျှာနာပိုးနှင့် ထိတွေ့မှုရှိနိုင်သည်ဟူသော အဖြေကို ညွှန်းပြနေသည်ဟု သဘာဝပတ်ဝန်းကျင်၊ အစားအစာနှင့် ကျေးလက်ရေးရာဌာနက တင်ထားသည့် ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

# တောင်ကိုရီးယားနှင့် အိန္ဒိယ ကုန်သွယ်ရေး ဆွေးနွေးပွဲ ယခုနှစ်အတွင်း အပြီးသတ်ရန် သဘောတူထား

**ဆိုးလ် စက်တင်ဘာ ၁၉**

တောင်ကိုရီးယားနှင့် အိန္ဒိယနှစ်နိုင်ငံ ကုန်သွယ်ရေး သဘောတူညီချက်နှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးမှုများ ယခုနှစ်အတွင်း အဆုံးသတ်ရန် တနင်္လာနေ့က သဘောတူကြကြောင်း တောင်ကိုရီးယားနိုင်ငံခြားရေး ဝန်ကြီးဌာနက ကြေညာသည်။

တောင်ကိုရီးယား နိုင်ငံခြားရေး ဝန်ကြီး ဆွန်မင်-ဆွန်းနှင့် တောင်ကိုရီးယားသို့ အလည်အပတ်ရောက်ရှိနေသည့် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ပရနဲနက်မူခါဂျီတို့ တွေ့ဆုံဆွေးနွေးပြီးနောက် တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာနက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

**မှတ်ချက်ချ**

နှစ်နိုင်ငံအတွင်း ငြိမ်းချမ်းရေးနှင့် ချမ်းသာကြွယ်ဝမှုအတွက် ရေရှည်ပူးပေါင်း ဆောင်ရွက်ရေး ထူထောင်ခဲ့ပြီးနောက် နှစ်နိုင်ငံ၏ ဆက်ဆံရေး အခြေအနေများ အရှိန်အဟုန်ကောင်းမွန်စွာဖြင့် ဖြစ်ထွန်းခဲ့ရာ ကျေနပ်စရာ ကောင်းလှကြောင်း ဝန်ကြီးနှစ်ဦးက မှတ်ချက်ချသည်ဟု အဆိုပါဝန်ကြီးဌာနက ပြောကြားသည်။

၂၀၀၈ ခုနှစ် မတိုင်မီကာလအတွင်း ကုန်သွယ်ရေး ရည်မှန်းချက်အဖြစ် အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံ ရရှိနိုင်မည်ဟု ယုံကြည်ထားကြောင်း ၎င်းတို့နှစ်ဦးက ထုတ်ဖော်ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



**ပေကျင်းမြို့၌ ပြုလုပ်သည့် (၁၂)ကြိမ်မြောက် လေကြောင်းပြပွဲတွင် တရုတ်နိုင်ငံလုပ် အက်စ်ဘီစီ-၁ ဖုံးကြဲတိုက်လေယာဉ်တစ်စင်း၏ ပုံစံငယ်ကို စက်တင်ဘာ ၁၉ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-ဆင်ဟွာ)*

# မူးယစ်ဆေးဝါးမှုဖြင့် ဩစတြေးလျနိုင်ငံသားတစ်ဦး ဗီယက်နမ်တွင် သေဒဏ်ပေးခံရ

**ဟန္နိုင်း စက်တင်ဘာ ၁၉**

ဘိန်းဖြူမှောင်ခိုမှုဖြင့် အသက် ၄၀ အရွယ်ရှိ ဩစတြေးလျနိုင်ငံသားတစ်ဦးကို သေဒဏ်ချမှတ်လိုက်ကြောင်း စက်တင်ဘာ ၁၉ ရက်က ထုတ်ပြန်သော တရားရုံး ကြေညာချက်တွင် ဖော်ပြထားသည်။

အပြစ်ဒဏ်ပေးခံရသူမှာ အသက်၄၀ နှစ်ရှိ ဗီယက်နမ်နိုင်ငံဖွား ဩစတြေးလျနိုင်ငံသား ငုယင်ဟောင်ဗီယက်ဆိုသူဖြစ်သည်။ ၎င်းကို ယခုနှစ် မတ်လအတွင်းက ဟိုချီမင်းမြို့မှ ဆစ်ဒနီမြို့သို့ ပျံသန်းမည့် လေယာဉ်ပေါ်သို့ တက်ရောက်စဉ် ဘိန်းဖြူ ၉၅၀ ဂရမ်ဖြင့် အဖမ်းခံရခြင်းဖြစ်သည်။

ဘိန်းဖြူမှောင်ခိုသူကို ကြီးလေးသောပြစ်ဒဏ် ချမှတ်ခြင်းဖြင့် နောက်လူများ ပြစ်မှုမကျူးလွန်ရဲစေရန် ယခုကဲ့သို့ ပြစ်ဒဏ်မျိုးကို ပေးရခြင်းဖြစ်သည်ဟု ဆိုသည်။

***အမ်အင်အေ၊ရိုက်တာ။***



**ဗင်နီဇွဲလားနိုင်ငံ စိန်ဂျူအန်းပီလာမာရီမြို့တွင် ပြုလုပ်သည့် အမျိုးသမီး မြင်းစီးကျွမ်းကျင်မှု ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူများကို စက်တင်ဘာ ၁၉ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-ဆင်ဟွာ)*

# ကမ္ဘာ့ အသက်အရှည်ဆုံးအဘိုးအို ၁၁၂ နှစ်မြောက် မွေးနေ့ပွဲ ကျင်းပ

**တိုကျို စက်တင်ဘာ ၁၉**

ကမ္ဘာပေါ်တွင် အသက်အရှည်ဆုံးဖြစ်သည့် ဂျပန်နိုင်ငံမှ တိုမိုဂျီတာနာဘီ အမည်ရှိ အဘိုးအို၏ ၁၁၂ နှစ်မြောက် မွေးနေ့ကို ဂျပန်နိုင်ငံ တောင်ပိုင်းဒေသရှိ ၎င်း၏ နေအိမ်တွင် ပျော်ပွဲရွှင်ပွဲ နှစ်ကြိမ်ကျင်းပခဲ့ပြီး ၎င်းက ဆက်လက် အသက်ရှည်ကာ နေထိုင်လိုသေးသည်ဟု ပြောကြားခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ၎င်းအဘိုးအို၏ ပထမအကြိမ် မွေးနေ့ ကျင်းပခဲ့ရာ ဒေသခံမြို့တော်ဝန်နှင့် ၎င်း၏ သားသမီးများထံမှ ယန်းငွေ ၁၀၀၀၀၀ (ဒေါ်လာ ၈၇၀)နှင့် နှင်းပန်းများ ရရှိခဲ့သည်။

***အမ်အင်အေ၊ရိုက်တာ။***

# အင်ဒိုနီးရှားမာလူကာကျွန်းတွင် သန္တာကျောက်တန်းများ ပျက်စီးနေ

**ဂျကာတာ စက်တင်ဘာ ၁၉**

အင်ဒိုနီးရှားနိုင်ငံ မာလူကာကျွန်း၌ သန္တာကျောက်တန်း ၁၇ ခုရှိသည့်အနက် သန္တာကျောက်တန်း ငါးခုထက်မနည်းမှာ ဆိုးရွားစွာပျက်စီးလျက်ရှိသည်။ ဒေသဆိုင်ရာ ငါးဖမ်းသမားများသည် ငါးဖမ်းရာ၌ ဖောက်ခွဲရေးပစ္စည်းများ သုံးခြင်းနှင့် ပိုတက်ဆီယမ်ဆိုင်ယာနိုက်ကဲ့သို့ အဆိပ်ဓာတ်ပစ္စည်းများ သုံးစွဲမှုကြောင့် သန္တာကျွန်းများ ပျက်စီးရခြင်းဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများက စက်တင်ဘာ ၁၇ ရက်တွင် ပြောကြားသည်။

အခြားသန္တာကျောက်တန်းခြောက်ခုမှာလည်း အနည်းငယ်ပျက်စီးလျက်ရှိကြောင်း၊ ပျက်ယွင်းနေမှုများကို အပိုင်းလိုက်ကန့်၍ ပြုပြင်သွားရန်လိုအပ်ကြောင်း မာလူကာသစ်တောနှင့် စိုက်ပျိုးရေးရုံး၏ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့ အကြီးအကဲ ဂျွန်နာဟူဆိုနာ၏ ပြောကြားချက်ကိုကိုးကား၍ အန်တာရာသတင်းဌာနက ဖော်ပြသည်။

ပိုတက်ဆီယမ်ဆိုင်ယာနိုက်ဓာတ်ပစ္စည်းနှင့် ဖောက်ခွဲရေးပစ္စည်းများသုံး၍ ငါးဖမ်းခြင်းသည် ပတ်ဝန်းကျင်နှင့် ရေနေသတ္တဝါနှင့် အပင်တို့ကို ထိခိုက်မှုဖြစ်ခြင်းကို ဒေသဆိုင်ရာ ငါးဖမ်းသမားများ၏ ဂရုပြုမှုနည်းပါးနေကြောင်း ၎င်းက ထပ်မံပြောကြားသည်။

ငါးဖမ်းလုပ်ငန်းတွင် ပိုတက်ဆီယမ်ဆိုင်ယာနိုက်နှင့် ဖောက်ခွဲရေးပစ္စည်း မသုံးစွဲရန် ဒေသဆိုင်ရာ ငါးဖမ်းသမားများကို တာဝန်ရှိဌာနက ပိုမိုတားမြစ်လျက်ရှိသည်ဟု ၎င်းက ပြောကြားသည်။

ကမ္ဘာ့ပတ်ဝန်းကျင်ဆိုင်ရာ ပြောင်းလဲမှုနှင့် လူသားများ ပယောဂတို့ကြောင့် နိုင်ငံများတွင်ရှိသော သန္တာကျောက်များသည် ပျက်စီးလျက်ရှိသည်ဟု ဆိုသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# တောင်ကိုရီးယားနိုင်ငံသားများအား ပြန်ပေးဆွဲသည့် တာလီဘန်ခေါင်းဆောင် တိုက်ခိုက်မှု၌ သေဆုံး

**ကဘူး စက်တင်ဘာ ၁၉**

အာဖဂန်နစ္စတန်နိုင်ငံ အလယ်ပိုင်းတွင် တောင်ကိုရီးယားနိုင်ငံသား ၂၃ဦး ပြန်ပေးဆွဲသည့် အဓိကခေါင်းဆောင်တစ်ဦးမှာ တိုက်ပွဲ၌သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က စက်တင်ဘာ ၁၈ ရက်တွင် ပြောကြားသည်။

ဂါဇာနီပြည်နယ် ဂျီရိုခရိုင်ရှိ တာလီဘန် စစ်သွေးကြွများ ပုန်းခိုရာနေရာတစ်ခုကို နိုင်ငံတကာတပ်ဖွဲ့များက စက်တင်ဘာ ၁၈ရက် ညပိုင်းက စီးနင်းတိုက်ခိုက်ရာ မူလာအဒူလာဂျန်နှင့် အခြားတာဘီဘန် စစ်သွေးကြွ ၁၁ ဦးအား အသေဖမ်းမိကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ အကြီးအကဲ အလီရှိတ်အလက်ဇိုင်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ဂျန်နှင့် တာလီဘန်ခေါင်းဆောင် မူလာမာသီသည် တောင်ကိုရီးယားနိုင်ငံသားများ ပြန်ပေးဆွဲသည့် အဓိကတရားခံနှစ်ဦးဖြစ်သည်။

စက်တင်ဘာ ၃ရက်က မာသီနှင့် အခြားတာလီဘန် စစ်သွေးကြွ ၁၅ဦးကို အာဖဂန်နှင့် ပြည်ပတပ်ဖွဲ့ဝင်များက ဂန်ဇီဒေသ ကွာရာဘတ်ခရိုင်တွင် သတ်ဖြတ်ခဲ့သည်။***အမ်အင်အေ၊ဆင်ဟွာ။***

ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

# လုံခြုံရေးလုပ်ငန်းလုပ်နေသည့် ကုမ္ပဏီများကိစ္စ ပြန်လည်စဉ်းစားမည်ဟု အီရတ်အစိုးရ ထုတ်ပြန်

**ဘဂ္ဂဒက် စက်တင်ဘာ ၁၉**

အမေရိကန်နိုင်ငံမှ လာရောက်၍ အီရတ်နိုင်ငံ၌ လုံခြုံရေး အစောင့်အရှောက်လုပ်ငန်း လုပ်ကိုင်နေသော ဘလက်ဝါးတားကုမ္ပဏီမှ ဝန်ထမ်းများသည် အီရတ်ပြည်သူများအတွင်း သေနတ်ဖြင့်ပစ်ခတ်မှု မကြာသေးမီက ဖြစ်ပေါ်ခဲ့သည်။

**အန္တရာယ်ရှိလာ**

ထိုကိစ္စ ပေါ်ပေါက်လာသည့်အတွက် အီရတ်ပြည်သူများအတွက် အန္တရာယ်ရှိလာသည်။ သို့ဖြစ်၍ နိုင်ငံအတွင်း၌ လုပ်ကိုင်နေသည့် လုံခြုံရေးလုပ်ငန်း ကုမ္ပဏီများအား ခွင့်ပြုပေးထားသော လိုင်စင်ကိစ္စကို ပြန်လည်စဉ်းစားသုံးသပ်မည် ဖြစ်ကြောင်း စက်တင်ဘာ ၁၈ ရက် အစိုးရ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**ထောက်ခံ**

ဘလက်ဝါးတား ကုမ္ပဏီသည် အီရတ်ရှိ အမေရိကန်သံရုံးနှင့် သံတမန်များ၏ လုံခြုံရေးကို တာဝန်ယူစောင့်ရှောက်နေသော ကုမ္ပဏီဖြစ်သည်။ ယင်းကုမ္ပဏီကို ပြည်ထဲရေးဝန်ကြီးဌာနက လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ကို ရုပ်သိမ်းရန် ဆုံးဖြတ်သည့်ကိစ္စကို ဝန်ကြီးအဖွဲ့ကလည်း ထောက်ခံသည်ဟုဆိုသည်။

**စိစစ်မည်**

အီရတ်နိုင်ငံရှိ လုံခြုံရေးအစောင့်အရှောက်လုပ်ငန်း လုပ်ကိုင်နေသည့် ကုမ္ပဏီများကိစ္စ စဉ်းစားရာတွင် ပြည်တွင်းနှင့် ပြည်ပကုမ္ပဏီနှစ်မျိုးစလုံးပါ ပါဝင်ရမည့်အပြင် ထိုသို့စိစစ်ရာ၌ အီရတ်နိုင်ငံ၏ လက်ရှိ ဥပဒေနှင့်အညီ စိစစ်သွားမည်ဖြစ်ကြောင်း သိရသည်။

***အမ်အင်အေ၊ရိုက်တာ။***



**ဗြိတိန်နိုင်ငံ လန်ဒန်မြို့တွင် ကျင်းပသည့် ဖက်ရှင်ပြပွဲတွင် ပါဝင်ပြသနေသော မော်ဒယ်များကို စက်တင်ဘာ ၁၉ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-ဆင်ဟွာ)*

# မျိုးဆက်သစ်တို့၏စွမ်းအားဖြင့် ကောင်းမွန်သည့်အနာဂတ်ကို ဖန်တီးဖော်ဆောင်

အောင်ရဲလင်း

မျက်မှောက်ကာလသည် ပညာခေတ်ဖြစ်သည်။ ပညာခေတ်၏ စိန်ခေါ်မှုကို ရင်ဆိုင်နိုင်ရန်အတွက် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သည့် ပညာရေးစနစ် ဖြစ်ထွန်းလာစေရန် နိုင်ငံတော်က ပညာရေးကဏ္ဍကို မြှင့်တင်ဖော်ဆောင်ပေးနေသည်။

ကျောင်းနေအရွယ် ကလေးများအားလုံး ပညာသင်ယူခွင့်ရရှိရေးနှင့် ပညာအရည်အသွေး မြင့်မားတိုးတက်ရေးအတွက် အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍတို့တွင် ပညာရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို နိုင်ငံတော်က မြှင့်တင်အကောင်အထည်ဖော်လျက်ရှိသည်။

**ထိုသို့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် ၂၀၀၇ ခုနှစ်အတွင်း အခြေခံပညာကျောင်းများကို အဆင့်မြှင့်တင် ဖွင့်လှစ်ပေးလျက်ရှိသကဲ့သို့ အဆင့်မြင့်ပညာကဏ္ဍတွင် ၁၉-၁-၂၀၀၇ ရက်နေ့က သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ နည်းပညာကောလိပ် ၄၉ ခုကို နည်းပညာတက္ကသိုလ်အဖြစ်သို့ အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးခဲ့သည်။ ထို့အပြင် ပညာရေးဝန်ကြီးဌာနအောက်ရှိ ဒီဂရီကောလိပ်သုံးခုကို တက္ကသိုလ်အဆင့်သို့ အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးခဲ့သည်။ ၂၇-၁-၂၀၀၇ ရက်နေ့တွင် စစ်ကိုင်းတိုင်း မုံရွာမြို့၌ နည်းပညာတက္ကသိုလ်(မုံရွာ)ကျောင်းဆောင်သစ်ကိုလည်းကောင်း၊ ၁၇-၇-၂၀၀၇ ရက်နေ့တွင် ရန်ကုန်မြို့၌ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်(ရန်ကုန်)ကိုလည်းကောင်း၊ ၅-၈-၂၀၀၇ ရက်နေ့တွင် ကယားပြည်နယ် လွိုင်ကော်မြို့၌ လွိုင်ကော်တက္ကသိုလ်ပင်မဆောင်ကိုလည်းကောင်း ဖွင့်လှစ်ပေးခဲ့သည်။**

**ထို့ကြောင့် ၂၀၀၇ ခုနှစ်အတွင်း အခြေခံပညာကျောင်းများကို အဆင့်မြှင့်တင်ပေးနိုင်သကဲ့သို့ ကောလိပ် ၅၂ ကျောင်းကို တက္ကသိုလ်အဆင့်သို့ မြှင့်တင်နိုင်ခဲ့ပြီး တက္ကသိုလ် တစ်ခု၊ ကျောင်းဆောင်သစ် တစ်ခုနှင့် ပင်မဆောင် တစ်ခုတို့ကို ဖွင့်လှစ်ပေးနိုင်ခဲ့သည်။**

မျက်မှောက်အချိန်အခါတွင် နိုင်ငံတော်အစိုးရက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကို ကြိုးပမ်းတည်ဆောက်နေသည်။ ဒီမိုကရေစီနိုင်ငံတော်သစ် အစွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းသာယာပြီး စည်းလုံးညီညွတ်မှုရှိရန် လိုအပ်သည်။ တရားဥပဒေစိုးမိုးမှု၊ အမျိုးသား

**တစ်နိုင်ငံလုံး၌ အခြေခံပညာကျောင်းပေါင်း ၄၁၈၁၆ ကျောင်း ဖွင့်လှစ်ပေးထားသဖြင့် ကျေးရွာငါးရွာတွင် ကျောင်းသုံးကျောင်းနှုန်း ရှိနေပြီဖြစ်ရာ ကျေးလက်ဒေသမှ ကျောင်းသား၊ ကျောင်းသူများ အခြေခံပညာကို အလွယ်တကူ သင်ယူနိုင်ကြပြီဖြစ်သည်။ တစ်နည်းအားဖြင့် တစ်မိုင်ခွဲ အကွာ အဝေးတိုင်း၌ စာသင်ကျောင်း တစ်ကျောင်းနှုန်း ရှိနေသဖြင့် ယခင်ကာလက စာသင်ကျောင်းများ နည်းပါးခဲ့သောကြောင့် လှေတစ်တန်၊ လှည်းတစ်တန်သွားရောက်၍ ပညာသင်ကြားရသော အခက်အခဲများမှ ကင်းဝေးကြရပြီဖြစ်သည်။ မိမိရပ်ရွာ၊ မိမိတို့ကျောင်း၌ စိတ်အေးချမ်းမြေ့စွာ စာပေသင်ကြားနိုင်ကြပြီဖြစ်သည်။**

နေအင်အားခိုင်မာမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စည်ပင်မှု အခြေခံကောင်းများ ဖြစ်ထွန်းနေရမည်ဖြစ်သည်။ ထို့အတူ ပြည်သူများ၏ အတွေးအခေါ်၊ အယူအဆ၊ အသိအမြင်၊ ဗဟုသုတများလည်း ပြည့်စုံကြွယ်ဝနေရမည် ဖြစ်သည်။

ယင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် နိုင်ငံတော်က အမျိုးသားပညာရည် မြင့်မားမှု စွမ်းအားကို ခိုင်ခိုင်မာမာတည်ဆောက်ပေးလျက်ရှိသည်။ အခြေခံအကျဆုံး ပညာရေးအဆောက်အအုံဖြစ်သည့် အခြေခံပညာကဏ္ဍမှစတင်၍ နိုင်ငံတကာတိုးတက်မှု ဖြစ်စဉ်များနှင့်အညီ



**နိုင်ငံတော်အစိုးရသည် အခြေခံပညာကဏ္ဍသာမက အဆင့်မြင့်ပညာကဏ္ဍတွင်ပါ ပညာရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို မြှင့်တင်အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ရာ လွိုင်ကော်မြို့ လွိုင်ကော်တက္ကသိုလ်ပင်မဆောင်ကို ဤသို့ခံ့ညားထည်ဝါစွာ တွေ့မြင်ရသည်။**

ပညာရေးစနစ် ပြုပြင်ပြောင်းလဲမှုများကို ဖော်ဆောင်ပေးနေသည်။ လူငယ်များ၏ ပညာအရည်အသွေးနှင့် စိတ်ဓာတ်စွမ်းအား ထူးချွန်ထက်မြက်လာစေရန် ဘက်စုံကဏ္ဍစုံမှ လေ့ကျင့်သင်ကြားပျိုးထောင်ပေးနေသည်ကို တွေ့မြင်နေရသည်။

**ယနေ့ကာလတွင် နိုင်ငံတော်က အမျိုးသားပညာရည်မြင့်မားရေး လုပ်ငန်းများကို တစ်စိုက်မတ်မတ် ဖော်ဆောင်ကြိုးပမ်းလျက်ရှိရာ အခြေခံကျောင်းသစ်များ၊ မူလတန်းလွန်ကျောင်းများကို တိုးချဲ့တည်ဆောက်ပေးနိုင်မှုကြောင့် အခြေခံပညာကျောင်းပေါင်း လေးသောင်းကျော်ရှိလာပြီဖြစ်သည်။ အခြေခံပညာကျောင်းသားဦးရေ ခုနစ်သန်းကျော် စာပေသင်ကြားနိုင်ကြပြီဖြစ်သည်။ ထိုနည်းတူ တက္ကသိုလ်ကောလိပ်ပေါင်း ၁၆၁ ခု ဖွင့်လှစ်ထားရာ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူ ခုနစ်သိန်းကျော် အဆင့်မြင့်ပညာရပ်များ သင်ကြားလျက်ရှိသည်။**

ပညာဖြင့် အရာရာကို ကျော်လွှားအောင်မြင်နိုင်ပြီး ကြီးပွားတိုးတက်စေနိုင်သည်ဖြစ်ရာ လူတိုင်းက အသိပညာနှင့်အတတ်ပညာများကို ရှာဖွေဆည်းပူးစုစမ်းလေ့လာ မှတ်သားနာယူနေကြသည်။ လူ့လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာပေအသိပညာကိုသင်ယူပြီး အတတ်ပညာအသီးသီးဖြင့် ကြိုးပမ်းအားထုတ်နေကြသည်။

မြန်မာနိုင်ငံတွင် **လူတိုင်းအတွက် ပညာရေး** ရည်မှန်းချက်နှင့်အညီ အချိန်အခါ အသက်အရွယ်နှင့် ပညာအဆင့်အတန်းမရွေး သင်ယူလေ့လာနိုင်စေရန် ကျောင်းပညာရေး၊ ကျောင်းပြင်ပ ပညာရေးနှင့် ကိုယ်တိုင်သင်ယူပညာရေးနည်းလမ်းများဖြင့် ဖော်ဆောင်ပေးလျက်ရှိသည်။

**နိုင်ငံတော်အစိုးရက နယ်စပ်ဒေသအစွန်အဖျားဒေသများအပါအဝင် နိုင်ငံတစ်ဝန်း၌ ပညာသင်ယူနိုင်မှုအခွင့်အလမ်းများ တစ်ပြေးညီပွင့်လန်းလာစေရန် တက္ကသိုလ်၊ ကောလိပ်၊ ဒီဂရီ ကောလိပ်များ တိုးချဲ့ဖြန့်ကြက်ဖွင့်လှစ်ပေးလျက်ရှိရာ ဒေသအလိုက် အဆင့်မြင့်ပညာရပ်များကို အိုးမကွာ၊ အိမ်မကွာ လေ့လာသင်ကြားနိုင်ကြပြီဖြစ်သည်။** ထို့အပြင် ပြည်နယ်နှင့် တိုင်းအသီးသီး၌ အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု သတ်မှတ်ပြီး ဒေသတိုင်း၌ ဝိဇ္ဇာ/သိပ္ပံ တက္ကသိုလ်တစ်ခု၊ နည်းပညာတက္ကသိုလ်တစ်ခု၊ ကွန်ပျူတာတက္ကသိုလ်တစ်ခုစီ တည်ဆောက် ဖွင့်လှစ်ပေးနိုင်ခြင်းသည် တစ်မျိုးသားလုံးပညာရည်မြင့်မားရေး မြှင့်တင်ပေးနေသည့် ပညာရေးကဏ္ဍ၏ ကြိုးပမ်းမှုရလဒ်များပင်ဖြစ်သည်။ ဒေသအလိုက် အသိပညာရှင်၊ အတတ်ပညာရှင် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရေးအတွက် နိုင်ငံတော်၏ မွန်မြတ်သော စေတနာကို သိမြင်နိုင်ပေသည်။

အလားတူ **တစ်နိုင်ငံလုံး၌ အခြေခံပညာကျောင်းပေါင်း ၄၁၈၁၆ ကျောင်း ဖွင့်လှစ်ပေးထားသဖြင့် ကျေးရွာငါးရွာတွင် ကျောင်းသုံးကျောင်းနှုန်းရှိနေပြီဖြစ်ရာ ကျေးလက်ဒေသမှ ကျောင်းသား၊ ကျောင်းသူများ အခြေခံပညာကို အလွယ်တကူ သင်ယူနိုင်ကြပြီဖြစ်သည်။ တစ်နည်းအားဖြင့် တစ်မိုင်ခွဲ အကွာအဝေးတိုင်း၌ စာသင်ကျောင်း တစ်ကျောင်းနှုန်း ရှိနေသဖြင့် ယခင်ကာလက စာသင်ကျောင်းများနည်းပါးခဲ့သောကြောင့် လှေတစ်တန်၊ လှည်းတစ်တန်သွားရောက်၍ ပညာသင်ကြားရသော အခက် အခဲများမှ ကင်းဝေးကြရပြီဖြစ်သည်။ မိမိရပ်ရွာ၊ မိမိတို့ကျောင်း၌ စိတ်အေးချမ်းမြေ့စွာ စာပေသင်ကြားနိုင်ကြပြီဖြစ်သည်။**

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❍

**နိုင်ငံတော်အစိုးရက နယ်စပ်အစွန်အဖျားဒေသများ အပါအဝင် နိုင်ငံတစ်ဝန်း၌ ပညာသင်ယူမှု အခွင့်အလမ်းများ တစ်ပြေးညီပွင့်လန်းစေရန်အတွက် နည်းပညာတက္ကသိုလ်(လားရှိုး) သုံးထပ်ကျောင်းဆောင်သစ်ကို ဤသို့ တည်ဆောက်ပေးခဲ့သည်။**



❍ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

လူတိုင်းပညာသင်ယူနိုင်မှု အခွင့်အလမ်းများ တိုးတက်ရရှိရေးအတွက် မြို့ပြတွင်သာမက ကျေးလက်ဒေသနှင့် နယ်စပ်ဒေသများအထိ လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်က ပညာရေးဆိုင်ရာ အခြေခံ အဆောက်အအုံများ တိုးချဲ့တည်ဆောက်ပေးနေသည်။ သင်ကြားပို့ချမည့် ဆရာ၊ ဆရာမများကို တိုးချဲ့မွေးထုတ် ပေးလျက်ရှိသည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ အပါအဝင် စေတနာရှင်ပြည်သူများ၊ အလှူရှင်များကလည်း လူအား၊ ငွေအား၊ ပစ္စည်းအားဖြင့် နိုင်ငံတစ်ဝန်း၌ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ကူညီပံ့ပိုး အားပေးလျက်ရှိကြသည်။

ပညာရေးကဏ္ဍတွင် ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေး၊ စေတနာညကျောင်းများဖွင့်လှစ်ပြီး စာသင်ဝိုင်း၊ စာဖတ်ဝိုင်းများသို့ ငွေနှင့်ပစ္စည်းများ ထောက်ပံ့ရေး၊ ထူးချွန်ကျောင်းသား၊ ကျောင်းသူများ ဆုချီးမြှင့်ရေးလုပ်ငန်းများတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက ပါဝင်ကူညီနေကြသည်။

အလားတူ မိမိဒေသအတွင်းရှိ အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများသို့ စာရေးခုံ၊ စာသင်ခုံနှင့် ထိုင်ခုံအတွဲများ၊ ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံစရိတ်များ လှူဒါန်းခြင်း၊ ပညာသင်ထောက်ပံ့ကြေးနှင့် အားကစားပစ္စည်းများ လှူဒါန်းခြင်းတို့ကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေကြသည်။

၂၀၀၆ခုနှစ်အတွင်း ကယားပြည်နယ် ဒီမောဆို အခြေခံပညာမူလတန်းကျောင်းဆောင်သစ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ဝမ်ကောင်းစံပြကျေးရွာ မူလတန်းကျောင်းဆောင်သစ် ဖွင့်လှစ်ပွဲများနှင့် ကချင်ပြည်နယ် အတွင်း စာကြည့်တိုက် ၁၅၅၃ ဖွင့်လှစ်ပြီးစီး၍ အလှူငွေနှင့် ပစ္စည်းများလှူဒါန်းခြင်း၊ မန္တလေးတိုင်းအတွင်းရှိ အခြေခံပညာမူလတန်း၊ အလယ်တန်း ၁၀၃ကျောင်းသို့ စာသင်ခုံ ၁၀၇၀ လှူဒါန်းခြင်း၊ ပခုက္ကူမြို့နယ် ကံလှကျေးရွာ မူလတန်းလွန်ကျောင်းများအတွက် စာရေးခုံနှင့် ကွန်ပျူတာပရင်တာ လှူဒါန်းခြင်း၊ ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် ဝါးရုံဆိပ်ရပ်ကွက်၊ ဘလုတ်ညွှန့်ရပ်ကွက်ရှိ မူလတန်းကျောင်းများသို့ စာသင်ခုံ၊ စာရေးကိရိယာနှင့်အဝတ်အထည်များ လှူဒါန်းခြင်း၊ ဒီပဲယင်းမြို့နယ် မူလတန်းနှင့် အထက်တန်းကျောင်းများသို့ စာသင်ခုံ ၃၇၀ ကျော်နှင့် အားကစားပစ္စည်းများ လှူဒါန်းခြင်းတို့သည် ပညာရေးကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ကူညီပံ့ပိုးမှုများ၏ တစ်စိတ်တစ်ဒေသကို ဖော်ပြခြင်းဖြစ်ပါသည်။

အလားတူ ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်ရှိ အခြေခံပညာမူလတန်း၊ အလယ်တန်းကျောင်းများသို့ စာသင်ခုံ ၁၇၀ နှင့် ကျောင်းသုံးစာအုပ်များ၊ နေပြည်တော်ပျဉ်းမနားမြို့နယ်အတွင်းရှိ ကျေးရွာများမှ စာသင်ကျောင်းများသို့ စာသင်ခုံ၊ စာရေးကိရိယာနှင့် ပညာရေးအထောက်အကူ ပစ္စည်းများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ မူလတန်းကျောင်းများသို့ စာသင်ခုံ ၃၅၉ လုံး၊ ကော့ကရိတ်မြို့နယ်အတွင်းရှိ မူလတန်းကျောင်းများသို့ စာသင်ခုံ ၁၉၀၊ ကျောက်ဆည်မြို့နယ်ရှိ ကျောင်းများအတွက် စာသင်ခုံများ၊ မွန်ပြည်နယ်အတွင်းရှိ ကျောင်းများသို့ စာသင်ခုံ ၄၅၀၊ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ကျောင်းများသို့ စာသင်ခုံအစုံ ၃၃၀၂ စုံနှင့် ဗလာစာအုပ် ဒါဇင် ၁၀၀၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းများသို့ စာသင်ခုံ ၁၄၅၉ လုံး လှူဒါန်းရေး လုပ်ငန်းများတွင်လည်း အသင်းဝင်များက ဦးဆောင်ပါဝင်ခဲ့ကြသည်။

**ကျောင်းပညာရေးကဏ္ဍတွင် ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေဖြစ်ရေးအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက ဝိုင်းဝန်းကူညီကြသည်။ ကျောင်းဝတ်စုံ၊ ကျောင်းသုံးစာအုပ်နှင့် အချို့စီးပွားရေးချို့တဲ့သူများအတွက် ကျောင်းနေစရိတ်ပါ ဖြည့်ဆည်းလှူဒါန်းခဲ့ကြသည်။ ယင်းသို့ ကြိုးပမ်းရခြင်း၏ ရလဒ်အဖြစ် ၂၀၀၇ ခုနှစ်တွင် မူလတန်းအဆင့်ကလေးများ ကျောင်းဝင်နှုန်းမှာ ၉၇ ရာခိုင်နှုန်းကျော်အထိ တိုးတက်လာခဲ့သည်။**

ထို့အပြင် ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် **တစ်ယောက်မကျန် စာတတ်ရန်**ရည်ရွယ်လျက် **ကောက်သင်းကောက်** စာတတ်မြောက်ရေး၊ သက်ကြီး စာတတ်မြောက်ရေးတို့အတွက် **"အ"** သုံးလုံး သင်တန်းများ ပြည်နယ်နှင့် တိုင်းများအလိုက် ဖွင့်လှစ်သင်ကြားနိုင်ခဲ့သဖြင့် ၂၀၀၇ ခုနှစ်တွင် နိုင်ငံအဆင့် စာတတ်မြောက်နှုန်း ၉၄ ဒသမ ၇၅ ရာခိုင်နှုန်းအထိ တိုးတက်လာသည်ကို တွေ့ရသည်။ စာတတ်မြောက်သူ တိုးပွားလာ သဖြင့် အမှန်နှင့် အမှား၊ အကောင်းနှင့် အဆိုး၊ အကြောင်းနှင့် အကျိုးကို ပိုင်းခြားသိမြင် ဆင်ခြင်နိုင်သည့် အသိအမြင်များ ပိုမိုရရှိလာမည် ဖြစ်ပေသည်။

စာတတ်မြောက်ပြီးသူများအတွက် စာဖတ်ရှိန်မြှင့်တင်နိုင်ရန်နှင့် အသိပညာ ဆက်လက်ဆည်းပူးနိုင်ရန် လိုအပ်သည်။ စာအုပ်စာပေ ပြည့်စုံစွာ ထားရှိပေးရမည်ဖြစ်သည်။ အဆိုပါလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ရပ်ရွာပညာပဒေသာဌာနများ၊ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိသည်။ ယခုအခါ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပေါင်း ၅၅၇၁၇ တိုက် ဖွင့်လှစ်ပေးနိုင်သဖြင့် ကျေးလက်ဒေသ နေပြည်သူများအနေဖြင့် စာပေဗဟုသုတများ လက်လှမ်းတမီ လေ့လာနိုင်ကြပြီဖြစ်သည်။

**မြန်မာ့ပညာရေးစနစ်သည် မြန်မာ့လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ ပင်မအရင်းအမြစ်ဖြစ်သည်။ ပညာစွမ်းရည်၊ ဉာဏစွမ်းရည်၊ လူမှုစွမ်းရည် မြင့်မားသည့် အရင်းအမြစ်သည် အလားအလာကောင်းမွန်သည့် အနာဂတ်ကို ဖန်တီးပေးနိုင်သည်။ ထို့ကြောင့်ပင် နိုင်ငံတော်က အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ထွန်းလာစေရန် အခြေခံပညာကဏ္ဍမှသည် အဆင့်မြင့်ပညာကဏ္ဍအထိ ပညာရေးဆိုင်ရာ အခြေခံကောင်းများကို တည်ဆောက်ပေးနေခြင်းဖြစ်သည်။**

အခြေခံပညာကဏ္ဍတွင် ၁၉၈၈ ခုနှစ်က အခြေခံပညာကျောင်း ၃၃၇၄၇ ကျောင်း ရှိရာမှ ယနေ့အချိန်တွင် အခြေခံပညာကျောင်း ၄၁၈၀၆ ကျောင်းအထိ ရှိလာသဖြင့် အခြေခံပညာကျောင်း ၈၀၆၉ ကျောင်း တိုးတက်ဖြစ်ထွန်းလာခဲ့သည်။ ၁၉၈၈ ခုနှစ်က အခြေခံပညာဆရာအင်အား ၁၇၃၇၇၂ ဦးသာရှိခဲ့ရာမှ ၁၉၈၈ ခုနှစ်မှ ယနေ့အချိန်အထိ အခြေခံပညာ ဆရာအင်အား ၂၅၅၀၁၅ ဦးအထိ ရှိလာသဖြင့် အခြေခံပညာ ဆရာအင်အား ၈၁၂၄၃ ဦး တိုးတက်ဖြစ်ထွန်းလာခဲ့သည်။ ၁၉၈၈ ခုနှစ်က အခြေခံပညာကျောင်းသားအင်အား ၅၂၃၉၈၇၈ ဦး ရှိရာမှ ယခုအခါ အခြေခံပညာကျောင်းသားအင်အား ၇၈၃၀၁၃၆ ဦး ရှိလာခဲ့သည်။

နိုင်ငံတော်အတွက် လိုအပ်သည့် အရည်အချင်းမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးရာတွင် ဒေသအလိုက် အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးလျက်ရှိရာ ပြည်နယ်နှင့်တိုင်းအားလုံးတွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်များ အဆင့်မြှင့်ခြင်း၊ အသစ်ဖွင့်ခြင်းများကို နိုင်ငံတော်က ဆောင်ရွက်ပေးခဲ့သည်။

၁၉၈၈ခုနှစ်တွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ် စုစုပေါင်း ၃၂ ခုသာ ရှိခဲ့သော်လည်း ယခုအခါ တက္ကသိုလ်၊ ဒီဂရီ ကောလိပ်နှင့် ကောလိပ် ၁၆၁ ခုရှိလာသဖြင့် အဆင့်မြင့်ပညာ သင်ယူနိုင်သော တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ် ၁၂၉ ခု တိုးတက်လာခဲ့သည်။

အဆင့်မြင့်ပညာကဏ္ဍတွင် ၁၉၈၈ ခုနှစ်တွင် ဆရာ၊ ဆရာမ စုစုပေါင်း ၅၆၃၈ ဦးသာ ရှိရာမှ ယခုအခါ ၁၁၈၇၃ ဦး ရှိလာသဖြင့် ဆရာ၊ ဆရာမ ၆၂၃၅ ဦး တိုးတက်ခန့်ထားနိုင်ခဲ့သည်။ အဆင့်မြင့်ပညာကဏ္ဍတွင် ပညာသင်ကြားနေသော ကျောင်းသားစုစုပေါင်းသည် ၁၉၈၈ခုနှစ်က ၁၃၄၃၂၅ ဦးသာရှိရာမှ ယခုအခါ ၅၉၆၆၉၆ ဦးရှိလာသဖြင့် ကျောင်းသား ဦးရေ ၄၆၂၃၇၁ ဦး တိုးတက်လာသည်ကို တွေ့မြင်နေရပြီဖြစ်သည်။

ယနေ့ကာလတွင် နိုင်ငံတော်က အမျိုးသားပညာရည် မြင့်မားရေးနှင့် နိုင်ငံသူ၊ နိုင်ငံသားတိုင်း စာတတ်မြောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဖော်ဆောင်နေသည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းကြီးသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ အမျိုးသားအကျိုးစီးပွားကို သယ်ပိုးဆောင်ရွက်ရန် ဖွဲ့စည်းထားသော အမျိုးသားရေး အဖွဲ့အစည်းဖြစ်သည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် မျိုးဆက်သစ် လူငယ်ထုတစ်ရပ်လုံးက နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများ၊ အမျိုးသားနိုင်ငံရေး လုပ်ငန်းစဉ်များတွင် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်နေကြသည်။ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဒေသခံပြည်သူတို့နှင့် အတူ လက်တွဲပါဝင် လုပ်ကိုင်နေကြသည်။ နိုင်ငံတော်၏ မှန်ကန်သည့် ဦးဆောင်မှု၊ လက်တွေ့ကျသည့်နည်းလမ်း၊ စေတနာပါသည့် အကောင်အထည်ဖော်မှုများကြောင့် လုပ်ငန်းတိုင်းတွင် အောင်မြင်တိုးတက်မှု ရလဒ်ကောင်းများ ဖြစ်ထွန်းနေပြီဖြစ်သည်။

ဤအစဉ်အလာကောင်း၊ စိတ်ဓာတ်ကောင်း၊ အလေ့အကျင့်ကောင်းများနှင့်အတူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် မျိုးဆက်သစ် လူငယ်များအပါအဝင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်သော စွမ်းအားဖြင့် ပိုမိုကောင်းမွန်သည့် အနာဂတ်ကို ဖန်တီးဖော်ဆောင်နိုင်မည်သာဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

### ဦးတည်ချက်

(၁) ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်အပေါ် အခြေခံသည့် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန် ထက်မြက်မြင့်မားစေရန်၊

(၂) အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်၊

(၃) မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာများရှင်သန် ထွန်းကား ပြန့်ပွားရန်၊

(၄) လူငယ်ထု၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှုကို တိုးတက်ဖြစ်ထွန်းစေရန်၊

(၅) တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်၊



အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အကြို ငွေပဒေသာပင်နှင့် ဆေးဝါးများလှူဒါန်းပွဲတွင် (၂၀၀၇)ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိန်ဝင်း ငွေပဒေသာပင်အတွက် အလှူငွေကျပ်တစ်သိန်းနှင့် ဆေးဝါးများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

## အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ငွေပဒေသာပင်နှင့် ဆေးဝါးပစ္စည်းများ လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၂၀**

၂၀၀၇ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အကြိုလှုပ်ရှားမှုအဖြစ် ငွေပဒေသာပင်နှင့် ဆေးဝါးပစ္စည်းများ လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း ဒဂုံမြို့သစ်(ဆိပ်ကမ်းမြို့နယ်)ရှိ ရွှေသံလွင်ဘိုးဘွားရိပ်သာ၌ ကျင်းပရာ ရှေးဦးစွာ ၂၀၀၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိန်ဝင်းက သက်ကြီးရွယ်အိုများနေ့ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ငွေပဒေသာပင်အတွက် အလှူငွေ ကျပ်တစ်သိန်းနှင့် ဆေးဝါးများကို ပေးအပ်လှူဒါန်းရာ ရွှေသံလွင်ဘိုးဘွားရိပ်သာမှ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်ထွန်း(ငြိမ်း)နှင့် အဘိုး၊ အဘွားတို့က လက်ခံကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

၂၀၀၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ကို ဂုဏ်ပြုသောအားဖြင့် အလှူငွေနှင့် ဆေးဝါးပစ္စည်း လှူဒါန်းပွဲ အခမ်းအနားကို စက်တင်ဘာ ၂၉ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသော အလှူရှင်များသည် လူမှုဝန်ထမ်းဦးစီးဌာန ဖုန်း– ၆၆၂၅၉၀၊ ၆၆၂၅၉၁၊ ၆၆၂၅၈၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# သံဃာတော်များ ကျန်းမာရေးနှင့်ညီညွတ်စွာ သီတင်းသုံးနိုင်ရေး ကျန်းမာရေးစောင့်ရှောက်မှုနှင့် သန့်ရှင်းရေးဆောင်ရွက်ပေး

ရန်ကုန် စက်တင်ဘာ ၂၀

**ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းရှိ ခြောက်ထပ်ကြီးဘုရားကြီးတိုက်သို့ ကျင်းပသော ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ စီစဉ်မှုဖြင့် ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် ဗဟန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့က ကြီးမှူး၍ ခြောက်ထပ်ကြီးဘုရားကြီးတိုက်၌ သီတင်းသုံးလျက်ရှိကြသော ဆရာတော် သံဃာတော်နှင့် ရှင်သာမဏေများ ကျန်းမာရေးနှင့်ညီညွတ်စွာ သီတင်းသုံးနိုင်ရေးအတွက် ကျန်းမာရေး စစ်ဆေး ကုသစောင့်ရှောက်ပေးခြင်းနှင့် သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ခြင်ဆေးငွေ့မှုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာသို့ သွားရောက်ကြည့်ရှု အားပေးကြသည်။**

ရှေးဦးစွာ မြို့တော်ဝန်နှင့် ဒုတိယမြို့တော်ဝန်တို့သည် ခြောက်ထပ်ကြီးဘုရားကြီးတိုက် ဘုန်းတော်ကြီးကျောင်းများ နာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ သူရိယ အမှူးပြုသော နာယက ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ရောဝတီရေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်စိုး၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်နှင့် အလုပ်အမှုဆောင်များ၊ ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် ဗဟန်းမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များသည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ဆေးခန်းမှ အထွေထွေရောဂါကုဆရာဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာရဲဆွေ၊ ဒေါက်တာတင်တင်ထွေး၊ ဒေါက်တာကျော်စိန်နှင့် ဒေါက်တာခင်မကြီးတို့က ခြောက်ထပ်ကြီးဘုရားကြီးတိုက်ရှိ ဘုန်းတော်ကြီးကျောင်းများမှ ဆရာတော် သံဃာတော်နှင့် ရှင်သာမဏေတို့အား ကျန်းမာရေး စစ်ဆေးကုသစောင့်ရှောက်ပေးနေမှု၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်များနှင့် စည်ပင်သာယာဝန်ထမ်းများ ပူးပေါင်း၍ ခြောက်ထပ်ကြီးဘုရားကြီးတိုက်မှ ဆရာတော် သံဃာတော် အရှင်သူမြတ်များ ကျန်းမာရေးနှင့် ညီညွတ်စွာ သီတင်းသုံးနိုင်ရေးအတွက် ဘုန်းတော်ကြီးကျောင်းများရှိ ရေနုတ်မြောင်းများ၊ ကျောင်းဆောင်များအား ခြင်ဆေးငွေ့မှုတ်ခြင်းနှင့် သန့်ရှင်းရေးဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)



မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့ ဗဟန်းမြို့နယ် ခြောက်ထပ်ကြီးဘုရားကြီးတိုက်၌ သီတင်းသုံးလျက်ရှိသော ရှင်သာမဏေငယ်များအား ကျန်းမာရေးစစ်ဆေး ကုသစောင့်ရှောက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။ (မြို့တော်စည်ပင်)

# နိုင်ငံခြားရေး ဒုတိယဝန်ကြီး ဦးကျော်သူ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၀

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူသည် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာကင်ယုံအီး၏ ဖိတ်ကြားချက်အရ စက်တင်ဘာ ၁၃ ရက်မှ ၁၈ ရက်အထိ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီးနောက် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာသည်။**

ဒုတိယဝန်ကြီး ဦးကျော်သူနှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါသွားကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစံလွင်နှင့် ဝန်ကြီးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စိုးတို့ ပြန်လည်လိုက်ပါလာကြသည်။

ဒုတိယဝန်ကြီး ဦးကျော်သူ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၃ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ပြုံယမ်းမြို့တော်သို့ရောက်ရှိရာ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ကင်ယုံအီးနှင့် တာဝန်ရှိသူများက ပြုံယမ်းမြို့လေဆိပ်၌ ကြိုဆိုကြသည်။

ဒုတိယဝန်ကြီး ဦးကျော်သူသည် စက်တင်ဘာ ၁၄ ရက်တွင် ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာကင်ယုံအီးနှင့် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနတို့အကြား ပထမအကြိမ် ပုံမှန်ညှိနှိုင်းအစည်းအဝေးကိုပြုလုပ်ပြီး နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးအပြီးတွင် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်ကို လက်မှတ်ရေးထိုးကြသည်။

ဒုတိယဝန်ကြီး ဦးကျော်သူသည် စက်တင်ဘာ ၁၇ ရက်တွင် Mansudae Assembly Hall သို့ သွားရောက်၍ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ ဗဟိုပြည်သူ့လွှတ်တော် သဘာပတိအဖွဲ့ဥက္ကဋ္ဌ မစ္စတာကင်ယုံနန်းအားလည်းကောင်း၊ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ပတ်ယွီချွမ်းအားလည်းကောင်း ဂါရဝပြုတွေ့ဆုံခဲ့သည်။ (သတင်းစဉ်)



နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုပြည်သူ့လွှတ်တော် သဘာပတိအဖွဲ့ဥက္ကဋ္ဌ မစ္စတာကင်ယုံနန်းနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (နိုင်ငံခြားရေး)

## ● ကျောဖုံးမှ

ပွဲကြည့်ပရိသတ် ၉၁၀၀၀ ဆံ့မည့် အမျိုးသားအားကစားပြိုင်ပွဲရုံ တည်ဆောက်ရာတွင် သံမဏိတန်ချိန် ၄၅၀၀၀ အသုံးပြုထားသည်။ ယင်းအားကစားပြိုင်ပွဲရုံတွင် အိုလံပစ်အားကစားပွဲတော် ဖွင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားများ၊ ပြေးခုန်ပစ်ပြိုင်ပွဲများနှင့် ဘောလုံးပြိုင်ပွဲများကို ကျင်းပမည်ဖြစ်သည်။

အမျိုးသားအားကစားပြိုင်ပွဲရုံတွင် ကမ္ဘာ့နောက်ဆုံးပေါ် ရုပ်မြင်သံကြားမော်နီတာဖန်ပြင်များကို တပ်ဆင်ထားမည်ဖြစ်သည်။

အမျိုးသားရေကူးကန်မှာ စတုရန်းမီတာ ၆၅၀၀၀ ကျော် အကျယ်အဝန်းရှိမည်ဖြစ်ပြီး ပွဲကြည့်ပရိသတ် ၁၇၀၀၀ အထိ ကြည့်ရှုနိုင်မည်ဖြစ်သည်။

အမျိုးသားရေကူးကန်တွင် ရေကူး၊ ဒိုင်ဗင်၊ Synchronized Swimming ပြိုင်ပွဲများ၊ ဝါတာပိုလို ပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်သည်။

အိုလံပစ်အားကစားပွဲတော်အတွက် အားကစားပြိုင်ပွဲရုံများကို တည်ဆောက်ခြင်းနှင့် မွမ်းမံပြင်ဆင်ခြင်းတို့ပြုလုပ်ရာတွင် သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီသော ဆောက်လုပ်ရေးနည်းပညာကို အသုံးပြုဆောင်ရွက်ထားကြောင်း၊ နေရောင်ခြည်စွမ်းအင်၊ ဘူမိအပူစွမ်းအင်တို့ကို အသုံးပြုထားကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အိုလံပစ် အားကစားပြိုင်ပွဲအတွက် ပေကျင်းတွင် အသုံးပြုမည့် အားကစားပြိုင်ပွဲ ၃၁ ရုံအနက် ၁၂ ရုံမှာ အသစ်တည်ဆောက်ခြင်းဖြစ်ပြီး ၁၁ ရုံမှာ ပြန်လည်မွမ်းမံသည့် အားကစားရုံများဖြစ်သည်။ ပြိုင်ပွဲရုံ ရှစ်ရုံမှာမူ ယာယီအသုံးပြုရန် တည်ဆောက်သည့် အဆောက်အအုံများဖြစ်ကြောင်း သိရသည်။ (ရည်ညွှန်း–China Features)

# ဖွံ့ဖြိုးတိုးတက်လာသော တရုတ်ပြည်အကြောင်း ဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၀**

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှု၊ ဇာတိမာန် ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်း၏ ပံ့ပိုးကူညီမှုဖြင့် စက်တင်ဘာ ၂၉ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းမကြီးရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ စာရေးဆရာ ချစ်စံဝင်းက အံ့မခန်း ဖွံ့ဖြိုးတိုးတက်လာသော ယနေ့တရုတ်ပြည် ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၁-၉-၂၀၀၇ (သောကြာနေ့)**

| AM/PM | |
| --- | --- |
| ၇း၀၀-၁း၀၀ | MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅-၁း၀၅ | "လူ့တာဝန်"တရားတော် (ယောဆရာတော်အရှင်သိရိန္ဒာဘိဝံသ) |
| ၈း၀၀-၂း၀၀ | ကျောင်းကျန်းမာရေးရက်သတ္တပတ် (သွားနှင့်ခံတွင်းကျန်းမာရေး) |
| ၈း၁၅-၂း၁၅ | တေးဂီတအစီအစဉ် |
| ၈း၂၀-၂း၂၀ | Myanmar Video Rhythm |
| ၈း၅၀-၂း၅၀ | လောက်လမ်းနှင့်ခြင်ကင်းဝေးရေး ဆေးဖျန်းနှိမ်နင်းပေးသွေးလွန်တုပ်ကွေးပပျောက်ရေး |
| ၉း၁၀-၃း၁၀ | တေးဂီတအစီအစဉ် |
| ၉း၁၅-၃း၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၅-၃း၂၅ | ယနေ့သိပ္ပံနှင့်နည်းပညာ |
| ၉း၃၅-၃း၃၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၄၀-၃း၄၀ | ငြိမ့်ညောင်းသာယာရှုမဝ မြန်မာ့ဂီတ မြန်မာ့အက |
| ၉း၅၀-၃း၅၀ | မိုးလေဝသခန့်မှန်းချက် |
| ၉း၅၅-၃း၅၅ | Shopping Guide (GAEA) |
| ၁၀း၂၀-၄း၂၀ | တေးဂီတအစီအစဉ် |
| ၁၀း၂၅-၄း၂၅ | စာပေပညာရှင်များနှင့်တွေ့ဆုံဆွေးနွေးခြင်း (ဒေါ်စောမုံညင်း) |
| ၁၀း၄၀-၄း၄၀ | တေးဂီတအစီအစဉ် |
| ၁၀း၄၅-၄း၄၅ | မြန်မာစာ မြန်မာစကား |
| ၁၁း၀၅-၅း၀၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၁၅-၅း၁၅ | ဝင်ငွေတိုးစေဖို့ တီလားပီးယားငါးမွေးကြစို့ |
| ၁၁း၃၅-၅း၃၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၄၀-၅း၄၀ | ဒီဇိုင်းရိုက်နှိပ်ပုံဖော် Cap P P Board အပေါ် |
| ၁၁း၅၅-၅း၅၅ | တေးဂီတအစီအစဉ် |
| ၁၂း၀၀-၆း၀၀ | Business Talk (ပြင်ဦးလွင်အကြောင်းသိကောင်းစရာ) (ဦးစိုးမြင့်နှင့်တွေ့ဆုံခြင်း) |
| ၁၂း၂၅-၆း၂၅ | ဆီထွက်သီးနှံများထဲမှ "ဆီအုန်း" |
| ၁၂း၄၀-၆း၄၀ | တေးဂီတအစီအစဉ် |
| ၁၂း၄၅-၆း၄၅ | MRTV-4 စာအုပ်စင်ကဏ္ဍ [အဖြူရောင်ပိတောက်ပျိုကဗျာစာအုပ်ရေးသားထုတ်ဝေသူ ယဉ်မင်းဦး(ဆေးတက္ကသိုလ်)နှင့် တွေ့ဆုံခြင်း] |
| ၁း၀၀-၇း၀၀ | MRTV-4 အပိတ် Logo |

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

# တနင်္သာရီတိုင်း (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၀

**၂၀၀၇ ခုနှစ် တနင်္သာရီတိုင်း (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၁ ရက် နံနက် ၉ နာရီက မြိတ်မြို့ ပုလဲရတနာခန်းမ၌ကျင်းပရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။**

ယင်းနောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို စက်တင်ဘာ ၁၁ ရက်မှ ၁၂ ရက်နေ့အထိ ကျင်းပသည်။

**အမှာစကား**

စက်တင်ဘာ ၁၂ ရက် ည ၇ နာရီတွင် ဆုချီးမြှင့်ပွဲ ကျင်းပရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးက အမှာစကား ပြောကြားသည်။

**ဆုများချီးမြှင့်**

ထို့နောက် ပြိုင်ပွဲတွင် ဆုရရှိသူများကို ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး၊ တိုင်းမှူး၏ ဇနီး ဒေါ်ခင်သန်းငွေနှင့် ပြိုင်ပွဲကျင်းပရေးဦးစီး ကော်မတီဝင်များက ဆုများချီးမြှင့်ကြသည်။

**ပြန်လည်ဖျော်ဖြေ**

ဆက်လက်၍ ဆုရရှိသူများက အဆို၊ အကများဖြင့် ပြန်လည်ဖျော်ဖြေတင်ဆက်ကြပြီးနောက် တိုင်းမှူးက အကဲဖြတ်ဒိုင်အဖွဲ့ဝင်များအား ဂုဏ်ပြုလက်ဆောင်များကို လည်းကောင်း၊ တနင်္သာရီတိုင်း အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များအား အောင်နိုင်ရေးအလံကိုလည်းကောင်း ပေးအပ်သည်။

ထို့နောက် ဂုဏ်ပြုတေးသီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

**ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး အဋ္ဌမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)




## မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၂၀-၉-၂၀၀၇)

**နေပြည်တော်**
၀ ဒသမ ၁၉ လက်မ

**ရေး**
၉ ဒသမ ၄၅ လက်မ

**သထုံ**
၄ ဒသမ ၅၇ လက်မ

**ကိုကိုးကျွန်း**
၃ ဒသမ ၆၇ လက်မ

**သာယာဝတီ**
၃ ဒသမ ၄၂ လက်မ

**ထားဝယ်**
၂ ဒသမ ၅၆ လက်မ

**ဟသ်ာတ**
၂ ဒသမ ၂၄ လက်မ

**မင်းဘူး**
၁ ဒသမ ၄၆ လက်မ

**ချောက်**
၁ ဒသမ ၁၈ လက်မ



# အဋ္ဌမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ နိုဝင်ဘာ ၁၉ရက်မှ ၂၀ရက်အထိ ရန်ကုန်မြို့တွင် ကျင်းပမည်

နေပြည်တော် စက်တင်ဘာ ၂၀

**အဋ္ဌမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ အစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီတွင် နေပြည်တော် ကျန်းမာရေးဝန်ကြီးဌာနရှိ အမျိုးသားကျန်းမာရေးကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး တက်ရောက်အမှာစကား ပြောကြားသည်။**

အစည်းအဝေးသို့ မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဝင်များ၊ ကျန်းမာရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဖိတ်ကြားထားသူများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စည်းလုံးညီညွတ်**

ရှေးဦးစွာ သဘာပတိ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံများကို ၂၀၀၀ပြည့်နှစ်မှ စတင်ပြီး ကျင်းပခဲ့သည်မှာ (၈)ကြိမ်တိုင်ပြီဖြစ်ကြောင်း၊ မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံ ကျင်းပရခြင်း အကျိုးရလဒ်အနေဖြင့် မြန်မာ့တိုင်းရင်းဆေးပညာ အဆင့်အတန်း မြင့်မားလာခြင်း၊ မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများ စည်းလုံးညီညွတ်မှုရရှိခြင်း၊ မြန်မာ့တိုင်းရင်းဆေးဝါးများ၏ အရည်အသွေးရောအရေအတွက်ပါ တိုးတက်လာကြောင်း။

**ယုံကြည်အားထား**

ယခုနှစ် ကျင်းပမည့် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို မြန်မာ့တိုင်းရင်းဆေးအဆင့်အတန်းမြင့်မားရေး၊ မြန်မာ့တိုင်းရင်းဆေးပညာ အရည်အသွေး တိုးတက်ရေး၊ မြန်မာ့တိုင်းရင်းဆေး ဆရာတို့၏ ဂုဏ်သိက္ခာမြင့်မားရေး၊ မြန်မာ့တိုင်းရင်းဆေးကို ပြည်သူအများ ယုံကြည်အားထားမှု ပိုမိုရရှိရေး ရည်ရွယ်ချက်တို့ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း၊ ယခုနှစ်ကျင်းပမည့် အဋ္ဌမအကြိမ် ညီလာခံ၏ ထူးခြားချက်တစ်ရပ်မှာ ညီလာခံနှင့် တစ်ဆက်တည်း သုတေသန စာတမ်းဖတ်ပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း၊ အရည်အသွေးကောင်းမွန်သည့် သုတေသန စာတမ်းများရရှိရေး ကြိုးပမ်းဆောင်ရွက်ရန် လိုကြောင်း။

ထို့အပြင် နှစ်စဉ်ဆောင်ရွက်သည့် ပြခန်းပြသရေး၊ ဖိတ်ကြားရေး၊ ကြိုဆိုရေး၊ အခမ်းအနားပြင်ဆင်ရေး၊ ဧည့်ခံကျွေးမွေးရေး၊ တည်းခိုရေး စသည့် လုပ်ငန်းများ အဆင်ပြေ ချောမွေ့စေရေး ဆောင်ရွက်ရမှာဖြစ်ကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ညွန့်က ယခုနှစ် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကို ၂၀၀၇ ခုနှစ် နိုဝင်ဘာ ၁၉ရက်မှ ၂၀ရက်အထိ ရန်ကုန်မြို့၌ ကျင်းပရန်စီစဉ်ထားကြောင်း၊ ညီလာခံသို့ ကိုယ်စားလှယ် ၃၁၅ဦး တက်ရောက်မည် ဖြစ်ကြောင်း၊ ညီလာခံ အဆင်ပြေစွာ ကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီ ၁၀ ခု ဖွဲ့စည်းဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေး တက်ရောက်လာကြသည့် ဌာနဆိုင်ရာများက မိမိတို့နှင့် သက်ဆိုင်သည့် လုပ်ငန်းများကို ဆွေးနွေးတင်ပြကြပြီး သဘာပတိ ဒုတိယဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကုန်သည်/ စက်မှုအသင်းချုပ်မှ ပုဂ္ဂိုလ်များအား ဂျာမနီနိုင်ငံမှ ဧည့်သည်များတွေ့ဆုံ

**ရန်ကုန် စက်တင်ဘာ ၂၀**

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဇော်မင်းဝင်းနှင့် ဦးအောင်လွင်၊ အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်၊ ဗဟိုအလုပ်အမှုဆောင်များနှင့် အလုပ်အမှုဆောင်များအား ဂျာမနီနိုင်ငံ Robert Bosch GmbH မှ Member of the Board of Management, Dr. Rudolf Colm နှင့် Rubert Bosch (SEA) Pte Ltd, Singapore မှ President, Mr. Cem Peksaglam တို့သည် စက်တင်ဘာ ၁၇ရက်တွင် အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံကြပြီး ရင်းနှီးမြှုပ်နှံမှုပြုလုပ်နိုင်မည့် အခွင့်အလမ်းများဆိုင်ရာ ကိစ္စနည်းပညာနှင့် သုတေသန လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးကြသည်။ **(ဓာတ်ပုံ)** (သတင်းစဉ်)



# NLD ပါတီဝင်အဖြစ် ဆက်လက်ရပ်တည်လိုစိတ်မရှိ တိုက်ကြီးနှင့် စစ်ကိုင်းမြို့နယ်တို့မှ ပါတီဝင် ၂၃ဦး နုတ်ထွက်

**ရန်ကုန် စက်တင်ဘာ ၂၀**

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော သရက်ချောင်းကျေးရွာနေ ဦးလှိုင်ကြူ၊ ဦးမြင့်အောင်၊ ဦးမောင်မောင်အေးတို့သုံးဦးနှင့် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော မင်းကွန်းကျေးရွာနေ ဦးကောင်းဦး၊ ဦးကြာဘော်၊ ဦးသိန်းဇော်၊ ဦးဝင်းနောင်၊ ဦးထွန်းထွန်းဦးတို့အပါအဝင် ပါတီဝင် ၂၀တို့သည် စက်တင်ဘာ ၇ရက်တွင် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

တိုက်ကြီးမြို့နယ်နှင့် စစ်ကိုင်းမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ခွဲတို့သို့ ပေးပို့သော နုတ်ထွက်လွှာများတွင် NLD ပါတီဝင်အဖြစ် ဆက်လက်ရပ်တည်လိုစိတ် မရှိသဖြင့် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၁-၉-၂၀၀၇ (သောကြာနေ့)

**နံနက်ပိုင်း**

၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၅။ လှုပ်ရှားပုံပြင် စိတ်ပျော်ရွှင်
၈း၀၅ ၆။ ကြေးမုံရိပ်သွင်တေးနှယ်ဥ
၈း၂၀ ၇။ အတီးပြိုင်ပွဲ
၈း၃၀ ၈။ International News.
၈း၄၅ ၉။ English for Everyday Use.
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (ဒသနိကဗေဒအထူးပြု) (ဒသနိကဗေဒ)
၄း၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅း၀၀ ၅။ မြန်မာစာ၊မြန်မာစကား
၅း၁၅ ၆။ နှောင်းခေတ်တေးပဒေသာ
၅း၃၀ ၇။ **"မီးမီးရဲ့ဆုံးဖြတ်ချက်"** **(နေအောင်၊ ထွန်းထွန်းဝင်း၊ မေသဥ္ဇာဦး၊ ပြည့်ဖူးခိုင်၊ ဇာဇာမင်းထက်) [ဒါရိုက်တာ–အောင်မိုး(ပဲရစ်)]**
၅း၄၀ ၈။ ၂၀၀၇ခုနှစ်(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) [ဝါသနာရှင် (ပထမတန်း)အဆင့်] (အမျိုးသား)
၅း၄၅ ၉။ (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင်မည့် မြန်မာအားကစားအဖွဲ့များ၏ ကြိုတင်ပြင်ဆင်မှုများ (တိုက်ကွမ်ဒို)
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်
၇း၁၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေးတတိယချစ်ပုံပြင်" (အပိုင်း–၄)**
၈း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်စိတ်ကူးလေးတဝဲလည်လည်" (အပိုင်း–၁၈)**
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

# တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့် တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဘုန်းတော်ကြီးသင်ကျောင်းများသို့ ဗလာစာအုပ်နှင့် စာရေးကိရိယာများ လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂၀

တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့် တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့တို့က ကြီးမှူး၍ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသို့ ဗလာစာအုပ်၊ စာရေးကိရိယာများ၊ ဝတ်စုံများ လှူဒါန်းခြင်းကို စက်တင်ဘာ ၆ ရက် နံနက် ၈ နာရီခွဲတွင် မြိတ်မြို့ ရာပြည့်ရပ် ဓမ္မရောင်ခြည် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ကျင်းပရာ တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက၊ တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သန်းဋ္ဌေး၊ တိုင်း၊ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။



တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့် တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်း၍ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသို့ ဗလာစာအုပ်၊ **စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများ လှူဒါန်းပွဲကို စက်တင်ဘာ ၆ ရက်က မြိတ်မြို့၌ ကျင်းပရာ သံသရာအေး ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းသား၊ ကျောင်းသူများအား တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက၊ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သန်းဋ္ဌေးက ဗလာစာအုပ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံ ၁၀၀ ကို ပေးအပ်လှူဒါန်းစဉ်။**

(သတင်းစဉ်)

အစီအစဉ်အရ တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက၊ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သန်းဋ္ဌေးက တိုင်းဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဓဇ ဘဒ္ဒန္တဉာဏိသရနှင့် ဓမ္မရောင်ခြည် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းဆရာတော် ဘဒ္ဒန္တကဝိန္ဒာစာရထံ လှူဖွယ်ပစ္စည်းနှင့် အလှူငွေများကို ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယကက ဓမ္မရောင်ခြည် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ ပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူ ၄၆၂ ဦးတို့အတွက် ဗလာစာအုပ်နှင့် စာရေးကိရိယာများကို လှူဒါန်းသည်။

ဆက်လက်၍ တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက၊ တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကလွင်ရစ် သံသရာအေး ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ ရောက်ရှိကြပြီး ကျောင်းသား၊ကျောင်းသူ ၇၉၈ ဦး အတွက် ဗလာစာအုပ်၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံ ၁၀၀ ကိုလည်းကောင်း၊ ရွှေဒူးရပ် ဇေယျာသုခဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ ကျောင်းသား၊ ကျောင်းသူ ၁၇၉ ဦးအတွက် ဗလာစာအုပ်၊ စာရေးကိရိယာများကိုလည်းကောင်းလှူဒါန်းကြသည်။ လှူဒါန်းမှုစုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၁၇၁၃၀၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ကိုယ့်အားကိုယ်ကိုး ၃၁၅ ကေဗွီအေနှင့် လျှပ်စစ်ဓာတ်အားလိုင်းဖွင့်

**ရန်ကုန် စက်တင်ဘာ ၂၀**

ရန်ကုန် တောင်ပိုင်းခရိုင် ဒလမြို့နယ် ကျန်စစ်သားရပ်ကွက် ကိုယ့်အားကိုယ်ကိုး ၃၁၅ ကေဗွီအေနှင့် လျှပ်စစ်ဓာတ်အားလိုင်း ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၉ ရက် နံနက်က မြဝတီလမ်းနှင့် နဝဒေးလမ်းဆုံ၌ ကျင်းပသည်။

အခမ်းအနားကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်အောင်နှင့် လျှပ်စစ်မီးရရှိရေး ကော်မတီဥက္ကဋ္ဌ ဦးထွန်းစိန်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး **(ယာပုံ)** မြို့နယ်ဥက္ကဋ္ဌက အမှာစကား ပြောကြားကာ လျှပ်စစ်မီးရရှိသည့် ပြည်သူများကိုယ်စား ပြည်သူဦးသိန်းဟန်က ကျေးဇူးတင်စကား ပြောကြားပြီး လျှပ်စစ်မီးရရှိခြင်း အထိမ်းအမှတ်အလံများ ပေးအပ်သည်။ (က-ပ)





ပြင်ဦးလွင်မြို့ ဆောင်းနှင်းဟောမာန် တင်ဦးလွင်လမ်းနေ ဘုရား၊ သိမ်၊ ကျောင်း၊ ဇရပ်၊ လမ်း၊ တံတားနှင့် ရဟန်းဒါယကာကြီး ဦးစစ်ရုံအားရည်စူး၍ ဒေါ်သန်းသန်းလှနှင့် သား၊ သမီး၊ မြေးတစ်စုတို့က သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်ငါးသိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးသိန်းအောင်ထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

အိန္ဒိယသမ္မတနိုင်ငံ မွန်ဘိုင်းမြို့၌ တည်ဆောက်လျက်ရှိသည့် ကမ္ဘာ့ဝိပဿနာစေတီတော်ကြီးအတွက် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေးရပ်ကွက် ဦးဘိုးကျားလမ်းနေ ဦးလှမောင်-ဒေါ်တိုးတိုးရွှေမိသားစုက အလှူငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းစဉ်။

(က-ပ)



## ကြက်ငှက်တုပ်ကွေးရောဂါ ဇီဝလုံခြုံမှုကောင်းမွန်သော မွေးမြူရေးအလေ့အကျင့်ဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်လှစ်

**ရန်ကုန် စက်တင်ဘာ ၂၀**

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော ကြက်ငှက်တုပ်ကွေးရောဂါ ဇီဝလုံခြုံမှုကောင်းမွန်သော မွေးမြူရေးအလေ့အကျင့်ဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဩဂုတ် ၃၁ ရက်တွင် မကွေးမြို့ တိုင်းမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးခန်းမ၌ကျင်းပရာ မကွေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်ဆန်းဦး တက်ရောက်အမှာစကား ပြောကြားသည်။ ထို့နောက် မကွေးတိုင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမောင်လှိုင်က ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးနှင့် ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေး အစီအမံများကို ရှင်းလင်းတင်ပြပြီး ပခုက္ကူခရိုင် ဦးစီးဌာနမှူး ဒေါက်တာကြည်လွင်နှင့် မကွေးခရိုင် ဦးစီးဌာနမှူး ဒေါက်တာ ယဉ်ယဉ်စန်းတို့က သင်တန်းပို့ချ ဆွေးနွေးကြသည်။ (သတင်းစဉ်)



ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် အလှူရှင် ဦးတင်မောင်ဦး-ဒေါ်ခင်ချိုသက် မိသားစုက အလှူငွေကျပ်တစ်သိန်းကို ပြင်သစ်နိုင်ငံ သာသနာပြုဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ကျွန်းနံ့သာအရှင် နန္ဒသိရီထံ ဆက်ကပ်လှူဒါန်းစဉ်။

(က-ပ)



ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေး စေတီတော်မြတ်ကြီးတွင် ထီးတော်သစ် တင်လှူပူဇော်ရန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် မကွေးတိုင်း ပခုက္ကူမြို့ မဟာဝိဇယာရာမအရှေ့တိုက် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနေမိန္ဒက သက်တော်(၈၅)နှစ်ပြည့် မွေးနေ့အလှူငွေကျပ်တစ်သိန်းကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးစိန်ဦးနှင့် အလှည့်ကျသဘာပတိ ဦးစောကြိုင်တို့ လက်ခံရယူစဉ်။ (က-ပ)



ရန်ကုန်မြို့ ဗဟန်း မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် အဆောင်မှူးဆရာတော် ဘဒ္ဒန္တပညာလင်္ကာရ ဦးစီးတည်ထောင်သော ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင်ရပ် အမှတ်(၃) လမ်းဆုံ နွယ်ခွေလမ်း မဟာစန္ဒာရုံဝိပဿနာ ဓမ္မရိပ်သာအတွင်း ဆောက်လုပ်မည့် သိမ်အတွက် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရအိမ်ရာနေ ဗိုလ်မှူးကြီးမြင့်စိုး (လေ-ငြိမ်း)-ဒေါ်မေမေစန်း၊ သားကြီး ဘဒ္ဒန္တဥတ္တရ(မဟာဓမ္မာစရိယ) M.A၊ ဒေါက်တာ မြတ်သူရစိုး၊ ဒေါက်တာ မြတ်ဝဏ္ဏစိုး၊ ဒေါက်တာ မြတ်ဉာဏစိုး မိသားစုတို့က သိမ်အတွက် အလှူငွေကျပ်နှစ်သိန်းကို ဆက်ကပ်လှူဒါန်းရာ ဆရာတော် ဘဒ္ဒန္တ ပညာလင်္ကာရက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)



မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလ္လံစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း ပြုပြင်တည် ဆောက်မှုလုပ်ငန်းများအတွက် စက်တင်ဘာ ၁၇ရက်က အလှူရှင် မော်လမြိုင်မြို့ မြိုင်သာယာရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းနေ ဗိုလ်ကြီးစိုင်းသက်နိုင်၊ သမီး မလတ်သီရိနွယ်၊ သား နိုင်လတ်ဦး မိသားစုက ငွေကျပ်နှစ်သိန်းပေးအပ်လှူဒါန်းရာ ဘုရားဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း လက်ခံရယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

# မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် အခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၀

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၇ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် အထိမ်းအမှတ် အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**





အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာ အဖွဲ့နာယကနှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက အမှာစကား ပြောကြားသည်။ ထို့နောက် အာဟာရဖွံ့ဖြိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်း အစီအစဉ်များ ရေးဆွဲရေး အလုပ်ရုံ ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန အာဟာရဌာနစိတ်မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်အေးအေးသော်က မြန်မာနိုင်ငံ၏ အာဟာရ ဖွံ့ဖြိုးရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန အာဟာရဌာနစိတ်မှ တာဝန်ရှိသူများက ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ခရိုင်လေးခရိုင်မှ အမျိုးသမီးရေးရာအဖွဲ့ဝင်များအား အာဟာရဖွံ့ဖြိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းအစီအစဉ်များ ရေးဆွဲရေးဆိုင်ရာများကို ပညာပေး ဆွေးနွေးဟောပြောကြသည်။ (သတင်းစဉ်)

## အမှာစကားပြောကြား

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ၂၀၀၇ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)



**ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဒေါ်မာမာဝေ သဃ်န်းကျွန်းမြို့နယ် ၂၀၀၇ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် အခမ်းအနားတွင် ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်အားဆေးများ ဝေငှပေးစဉ်။** (သတင်းစဉ်)

# ရန်ကုန်အရှေ့ပိုင်းခရိုင် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် အခမ်းအနား ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၀**

ရန်ကုန်အရှေ့ပိုင်းခရိုင် ကျန်းမာရေးကော်မတီနှင့်ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသော ၂၀၀၇ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်အခမ်းအနားကို စက်တင်ဘာ ၁၆ ရက် မွန်းလွဲ ၂နာရီတွင် သဃ်န်းကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက အမှာစကားပြောကြားပြီး ၂၀၀၇ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် အထိမ်းအမှတ် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၌ ပထမဆုရ မြောက်ဥက္ကလာပမြို့နယ်မှ ဒေါ်အေးအေးမော်၊ ဒုတိယဆုရ ပုဇွန်တောင်မြို့နယ်မှ ဒေါ်ခင်လေးလှိုင်၊ တတိယဆုရ မင်္ဂလာတောင်ညွန့်မြို့နယ်မှ ဒေါ်စန်းကြည်တို့အား ဆုများချီးမြှင့်သည်။

ထို့နောက် ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာစန္ဒာက အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်အခမ်းအနား ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဒေါ်မာမာဝေနှင့် ဧည့်သည်တော်များသည် ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များအား သံဓာတ်အားဆေးများနှင့် ဗီတာမင်အေဆေးလုံးများ ဝေငှပေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# တရားရုံးချုပ်(နေပြည်တော်) တရားမအထူးအယူခံမှုခြောက်မှု စီရင်ချက်ချမှတ်

**နေပြည်တော် စက်တင်ဘာ ၂၀**

တရားရုံးချုပ်(မန္တလေး) ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ တရားရုံးချုပ်(မန္တလေး) တရားရုံးချုပ် တရားသူကြီးများဖြစ်ကြသော ဦးမြင့်အောင်နှင့် ဦးစိန်လှိုင်တို့ ပါဝင်သော အထူးအယူခံခုံရုံးသည် ယနေ့ နံနက် ၁၀ နာရီတွင် တရားရုံးချုပ်(နေပြည်တော်) တရားခွင်အမှတ်(၁)၌ ရုံးထိုင်၍ တရားမ အထူးအယူခံမှု ခြောက်မှုကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေး ဥပဒေ ပုဒ်မ ၇ အရ တင်သွင်းသည့် ပြစ်မှုအထူးအယူခံမှု ခြောက်မှုကို ကြားနာကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး သရုပ်ပြ

ရန်ကုန် စက်တင်ဘာ ၂၀

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ကျောင်းကျန်းမာရေးအထောက်အကူပြု လုပ်ငန်းစီမံချက်အရ ကျန်းမာရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကျောင်းကျန်းမာရေး အထောက်အကူပြု လုပ်ငန်းစီမံချက်ဖြစ်သည့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လက်တွေ့သရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းတွင် ကမာရွတ်မြို့နယ် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီး ဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူး အဖွဲ့ဝင် ဒေါက်တာ ဒေါ်သက်သက်ဇင်၊ ရန်ကုန်တိုင်း ဒေသစည်းရုံးရေးမှူး ဒေါ်ခင်ညွန့်မြိုင်၊ ပဲခူးတိုင်း ဒေသစည်းရုံးရေးမှူး ဒေါ်ဝေဝေသင်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဒေါက်တာနန္ဒာထွန်းနှင့် ဆရာ၊ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျောင်းအကျိုးတော်ဆောင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီး ဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်နှင့်တာဝန်ရှိသူများအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကျန်းမာရေးဌာန လက်ထောက်ဌာနမှူး ဒေါက်တာ ဒေါ်ကြည်ကြည်သန်း၊ လှိုင်မြို့နယ် ကျန်းမာရေးဦးစီးမှူး ဒေါက်တာဒေါ်ဌေးဌေးလှိုင်နှင့် ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီးတို့က လေးလပတ်အတွင်း သွေးလွန်တုပ်ကွေးဖြစ်ပွားမှုအခြေအနေများ၊ ကျောင်းကျန်းမာရေးအတွက် သန့်ရှင်းရေးလုပ်ငန်းများ စဉ်ဆက်မပြတ် စီမံချက်ရေးဆွဲဆောင်ရွက်မှု အခြေအနေများကိုဆွေးနွေးတင်ပြကြရာစီမံရေးရာဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်က ဆွေးနွေးတင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီး ဌာနကြီးမှူးနှင့် တာဝန်ရှိသူများသည် ကျောင်းဝင်းအတွင်းရှိ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးအတွက် တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများအား ဖုံး၊သွန်၊ လဲ၊ စစ် လက်တွေ့သရုပ်ပြနေမှု၊ ကျောင်းလိုက်ကာများဆေးစိမ်ခြင်း လက်တွေ့ ဆောင်ရွက်နေမှု၊ ကျောင်းသား၊ ကျောင်းသူများက ကျောင်းဝင်းအတွင်းအပြင် ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းသန့်ရှင်းရေးဆောင်ရွက်နေမှု၊ ရေစည်ရေကန်များအတွင်း ABATE ဆေးခတ်ခြင်းနှင့် လောက်လမ်းစား ဒေါင်းငါးများ ထည့်သွင်းမွေးမြူခြင်းနှင့် အသိပညာပေး ဟောပြောခြင်း၊ သင်ထောက်ကူ လက်ကမ်းစာစောင်များ ဝေငှခြင်း စသည်တို့ကို ကြည့်ရှုစစ်ဆေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ထည့်သွင်းမွေးမြူ

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီး ဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးနှိမ်နင်းရေးအတွက် ရေစည်ရေကန်များတွင် လောက်လမ်းစားငါးများကို ထည့်သွင်းမွေးမြူပေးစဉ်။** (မြို့တော်စည်ပင်)



ပုပ္ပားစကားဝါမြေဆရာတော် ဘဒ္ဒန္တပညာဝံသ၏ သာသနာပြုလုပ်ငန်းနှင့် စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းများအတွက် အလှူရှင် မင်္ဂလာဒုံဈေးမှ ကံကော်ဦးဖိနပ်ဆိုင် ဒေါ်သန်းခင် မိသားစုက ငွေကျပ်သိန်း ၂၀ ကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

# ပဏ္ဍိတာရာမစာသင်တိုက် ရွှေရတုဝိဇာတမင်္ဂလာနှင့် အလှူငွေပေးအပ်ပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၀**

ရန်ကုန်တိုင်း လှိုင်မြို့နယ် (၁၃) ရပ်ကွက် ပဏ္ဍိတာရာမ စာသင်တိုက် နာယက စာချသာသနာပြု နယ်လှည့် ဓမ္မကထိက ပုပ္ပားစကားဝါမြေ ဆရာတော် ဘဒ္ဒန္တပညာဝံသ၏ ရွှေရတုဝိဇာတမင်္ဂလာနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၀ရက် နံနက် ၉နာရီတွင် ယင်းစာသင်တိုက်၌ ကျင်းပသည်။

အခမ်းအနားအစီအစဉ်အရ နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးပြီး စာသင်တိုက် ဦးစီးပဓာန နာယကဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြကာ ပုပ္ပားစကားဝါမြေ ဆရာတော် ဘဒ္ဒန္တပညာဝံသက မွေးနေ့အလှူအဖြစ် ကျောင်းတိုက်အတွက် အလှူတော် ငွေကျပ် ခုနစ်သိန်းကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပုပ္ပားစကားဝါမြေ ဆရာတော်၏ သာသနာပြု လုပ်ငန်းနှင့် စက်ရေတွင်းတူးဖော်ခြင်း လုပ်ငန်းများအတွက် အလှူရှင် မင်္ဂလာဒုံဈေးမှ ကံကော်ဦး ဖိနပ်ဆိုင် ဒေါ်သန်းခင် မိသားစုက ငွေကျပ်သိန်းနှစ်ဆယ်နှင့် အခြား စုပေါင်းအလှူရှင်များက လှူဒါန်းငွေ ကျပ်ငါးသိန်းကျော်တို့ကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းနှင့် ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

(သတင်းစဉ်)

# အောင်သစ္စာကျောင်းတိုက် မိုးရာသီ အထူးတရားစခန်း

**ရန်ကုန် စက်တင်ဘာ ၂၀**

မွန်ပြည်နယ် ကျိုက်ထိုမြို့ မြို့မရမ်းချို အောင်သစ္စာ ပရိယတ္တိစာသင်တိုက် ပထမအကြိမ် မိုးရာသီ မဟာသတိပဋ္ဌာန် ဝိပဿနာတရားစခန်းကို စက်တင်ဘာ ၂၁ရက်မှစ၍ ဘဒ္ဒန္တနန္ဒောဘာသာဘိဝံသ (၁၁)ဘွဲ့ရ ကျိုက်ထိုဆရာတော်ဦးစီး၍ ဖြူးဆရာတော်ကြီး၏တပည့် ရွှေသာစည်ဆရာတော် အရှင်ဝိစိတ္တာသာရ (ဓမ္မာစရိယ၊ ဝိနယဝိဒူ၊ မဟာစည်နယ်လှည့် ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ)နှင့် ကျိုက်ထိုဆရာတော်၏ တပည့် သံဃာတော်များက မဟာသတိပဋ္ဌာန် ဝိပဿနာ အလုပ်ပေးတရားတော်များကို ဟောကြားပြသမည်ဖြစ်ရာ ယောဂီများသည် ဖုန်း-၀၅၇-၆၀၂၃၈၊ ၀၉၅၃၂၂၅၅၇ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (က-ပ)



# လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်း

**ရန်ကုန် စက်တင်ဘာ ၂၀**

လယ်တီဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ်(၃၃၇/က)ပြည်လမ်း လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၌ (၁၁၂)ကြိမ်မြောက် လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်းကို တော်သလင်းလဆန်း ၁၅ရက်မှ တော်သလင်းလပြည့်ကျော်၆ရက်(စက်တင်ဘာ ၂၆ရက်မှအောက်တိုဘာ ၄ရက်)အထိကျင်းပမည်ဖြစ်သည်။

တရားစခန်းဝင်လိုသူ ယောဂီများသည် ဖုန်း-၅၃၄၃၂၉ သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)




# ရန်ကုန်တောင်ပိုင်းခရိုင် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်ဖွင့်ပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၀**

ရန်ကုန်တောင်ပိုင်းခရိုင် ကျန်းမာရေးကော်မတီနှင့် ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသော ၂၀၀၇ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် ဖွင့်ပွဲကို ယနေ့နံနက် ၉နာရီတွင် သန်လျင်မြို့ရှိ ရှင်စောပုခန်းမ၌ ကျင်းပရာ ရန်ကုန်တောင်ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းမြင့်က အမှာစကား ပြောကြားပြီး အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် ပထမဆုရ ခရမ်းမြို့နယ်မှ ဒေါ်ခင်အေးဝင်း**(အပေါ်ပုံ)**၊ ဒုတိယဆုရ ဆိပ်ကြီးခနောင်တိုမြို့နယ်မှ ဒေါ်တင်တင်သိန်း၊ တတိယဆုရ ဒလမြို့နယ်မှ ဒေါ်ခင်စန်းမြင့်နှင့် နှစ်သိမ့်ဆုရ ကွမ်းခြံကုန်းမြို့နယ်မှ ဒေါ်သင်းသင်းအေးတို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် အခမ်းအနား ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ခရိုင် ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမြင့်ကြည်က ရှင်းလင်းတင်ပြပြီး ဧည့်သည်များက ခြောက်လမှ ငါးနှစ်အရွယ် ကလေးငယ်များအား အင်အားပြည့် ဗီတာမင်အေဆေးများတိုက်ကျွေး၍ ကိုယ်ဝန်ဆောင်မိခင်များအား ဗိုက်ထရွှန်သံဓာတ်အားဆေးနှင့် အိုင်အိုဒင်းဆားများ ပေးအပ်လိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ပူးတွဲလေ့ကျင့်ပြီး လက်ရည်စမ်းပွဲများ ယှဉ်ပြိုင်ကစားရန် ထွက်ခွာသွားသည့် မြန်မာ့လက်ရွေးစင် အမျိုးသား ဘော်လီဘောအသင်းကို တွေ့ရစဉ်။** (ကြေးမုံ)

**မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းအိမ်ရာအား စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံ) ဦးခင်လတ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် (အင်/ယာ) ဦးစိုးကိုကိုတို့ လိုက်လံစစ်ဆေးမှာကြားစဉ်။** (မြို့နယ်စည်ပင်)



ရောဝတီတိုင်း ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးလှမြင့်၊ မထသဥက္ကဋ္ဌ ဦးစိုးကြိုင်၊ စက်လှေအသင်းဥက္ကဋ္ဌ ဦးတင်ရွှေတို့ ဩဂုတ် ၃၀ရက်တွင် ပုသိမ်မြို့ပေါ်ရှိ သံဃာတော်အပါး ၂၈၀၀ကျော်တို့အား ရွှေမုဋ္ဌောဘုရားအရှေ့မုခ် ဒေါ်လှယဉ်ဓမ္မာရုံ မြို့မဆွမ်းလောင်းအသင်းမှ အရုဏ်ဆွမ်းလောင်းကြစဉ်။ (သတင်းစဉ်)

# မြန်မာ့လက်ရွေးစင် ဘော်လီဘောအသင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် စက်တင်ဘာ ၂၀**

၂၀၀၇ခုနှစ် စက်တင်ဘာ ၂၁ရက်မှ ၃၀ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ပူးတွဲလေ့ကျင့်မှုများပြုလုပ်ပြီး လက်ရည်စမ်းပွဲများ ယှဉ်ပြိုင်ကစားရန် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်း ခေါင်းဆောင်သော မြန်မာ့လက်ရွေးစင် အမျိုးသား ဘော်လီဘောအသင်းသည် ယနေ့မွန်းလွဲ ၂နာရီ မိနစ် ၅၀တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာသွားရာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်ဝင်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်မှ အမှုဆောင်များ၊ ဆွေမျိုးမိတ်သင်္ဂဟများက လိုက်ပါပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာ့လက်ရွေးစင် အမျိုးသား ဘော်လီဘောအသင်းတွင် အုပ်ချုပ်သူအဖြစ် ဦးသိန်းဝင်း(ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်)၊ နည်းပြဆရာများအဖြစ် ဦးမျိုးမြင့်နှင့် ဦးညီညီလွင်၊ အားကစားသမားများအဖြစ် ရဲမင်းအောင်၊ ကျော်စွာဝင်း၊ ကျော်စိုးအောင်၊ စံရွှေမောင်၊ ကျော်ရွှေ၊ စိုင်းညီလေး၊ ကျော်ကျော်ထွေး၊ စောဟိန်းသူ၊ ဇော်လင်းဦး၊ မြတ်ကျော်ထွန်း၊ ရဲရင့်ထွန်းနှင့် ဝင်းထွန်းဦးတို့ လိုက်ပါသွားကြသည်။

မြန်မာဘော်လီဘောအသင်းသည် ဒီဇင်ဘာလအတွင်း ထိုင်းနိုင်ငံ၌ ကျင်းပမည့် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် အကြိုပြင်ဆင်သည့်အနေဖြင့် သွားရောက်ယှဉ်ပြိုင်ကစားခြင်းဖြစ်ပြီး စက်တင်ဘာ ၂၁၊ ၂၄၊ ၂၆၊ ၂၇ရက်တို့တွင် စီချွမ်ပြည်နယ် ဘော်လီဘောအသင်းနှင့် ပူးတွဲလေ့ကျင့်ပြီး လက်ရည်စမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ (ကြေးမုံ)



# အကြမ်းဖက် သောင်းကျန်းသူများထောင်ထားသည့် မိုင်းနင်းမိသဖြင့် ထန်းတပင်မြို့နယ်မှ အပြစ်မဲ့ပြည်သူတစ်ဦး ခြေချင်းဝတ်ပြတ် ဒဏ်ရာရရှိ

**နေပြည်တော် စက်တင်ဘာ ၂၀**

ပဲခူးတိုင်း ထန်းတပင်မြို့နယ် ဘုမ္မတီးကျေးရွာနေ ဦးတင်စိုးသည် စက်တင်ဘာ ၁၈ရက် မွန်းလွဲ ၂နာရီတွင် သံတောင်မြို့နယ်အတွင်း ‘ဝ’ဥ သွားတူးပြီး ရွာသို့ပြန်လာစဉ် ဘုမ္မတီးရွာ မရောက်မီ ငါးမိုင်ခန့်အကွာ အရောက်၌ အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့်မိုင်းနင်းမိပြီး ယာဘက်ခြေချင်းဝတ်ပြတ်ဒဏ်ရာရရှိခဲ့သဖြင့် လူနာအား ဇရပ်ကြီးတိုက်နယ်ဆေးရုံသို့ တင်ပို့၍ကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၂၁-၉-၂၀၀၇ (သောကြာနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | အဖွင့်သီချင်း |
| ၇:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇:၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၅၀ | ၇။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၇:၅၅ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |
| ၈:၁၅ | ၁၁။ | အပိတ်နှုတ်ဆက်စကား |
| ၈:၁၆ | ၁၂။ | ပြီးပါပြီ။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၁၀ | ၃။ | လက်စွမ်းပြဟန်ဂီတသံ |
| ၄:၁၅ | ၄။ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၄:၃၅ | ၅။ | နားဝင်ငြိမ့်စီးသီချင်းကြီး |
| ၄:၅၅ | ၆။ | မျိုးချစ်တပ်မတော် |
| ၅:၂၅ | ၇။ | အလွမ်းတေးပန်းချီချစ်သူဆီ |
| ၅:၃၅ | ၈။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၆:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၁၀။ | နိုင်ငံတကာသတင်း |
| ၆:၂၅ | ၁၁။ | အမျိုးသားရေးတေးကဗျာ |
| ၆:၄၀ | ၁၂။ | စောင့်မျှော်ရှုစားကြိုးဝိုင်းစကား |
| ၆:၄၅ | ၁၃။ | လျှပ်တစ်ပြက်ရိုက်ချက် |
| ၇:၀၀ | ၁၄။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ပုံရိပ်ပမာ” (အပိုင်း-၂၃)** |
| ၈:၀၀ | ၁၅။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၆။ | မိုးလေဝသသတင်း |
| | ၁၇။ | အမျိုးသားရေးတေးကဗျာ |
| | ၁၈။ | စိုက်ပျိုးသုတ |
| | ၁၉။ | ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် |
| | ၂၀။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သစ္စာကြီးမား(သား)ပေါင်းချိန် (အပိုင်း-၂၈)** |
| | ၂၁။ | သင့်အတွက်မနက်ဖြန် |
| | ၂၂။ | အပိတ်နှုတ်ဆက်စကား |
| | ၂၃။ | ပြီးပါပြီ။ |




**ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သဒ္ဓမ္မရံသီရိပ်သာ ဆရာတော် ဦးကုဏ္ဍလာဘိဝံသအား အမှူးထား၍ သဃ်န်းကျွန်းမြို့နယ် ဝေဇယန္တာလမ်း သီရိဂုဏ်အိမ်ရာနေ ဦးသိန်းဟန်(ဒေါ်ညီမ)၊ သမီး ဒေါ်တင်တင်အေး၊ မြေး မဆုသက်ပိုင်၊ မယွန်းသက်ပိုင်၊ မောင်ဘုန်းထက်ပိုင် သားသမီးမြေးတစ်စုတို့က မယွန်းသက်ပိုင်၏ မွေးနေ့အထိမ်းအမှတ်အဖြစ် ဆောက်လုပ်ဆဲ သုံးထပ်သံဃာဆောင်အမိုးနှင့် သံပန်းတပ်ဆင်ခြင်းအတွက် ငွေကျပ် ၁၀သိန်းလှူဒါန်းရာ သုံးခွဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။**

(က–ပ)



## ဟူးခင် ဘုန်းတော်ကြီးကျောင်းဆောက်ရန် လှူဒါန်းနိုင်

**ရန်ကုန် စက်တင်ဘာ ၂၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ် ဟူးခင်ကျေးရွာ ဟူးခင်ဘုန်းတော်ကြီးကျောင်း အသစ်ပြန်လည်တည်ဆောက်ရန်အတွက် ရပ်ဝေးသို့ ရောက်ရှိနေသော နမ့်ဆန်မြို့နယ်သူ၊ မြို့နယ်သားများ လှူဒါန်းလိုပါက ဆရာတော် ဦးသုမေဓာ ဇောတိနမ့်ဆန်ကျောင်း ကိုးထပ်ကြီးဘုရား ရှေ့ဥယျာဉ်တိုက် စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း–၀၁–၅၀၀၇၉၄၊ ဆရာတော်ဦးသြဝါဒ တအောင်း(ပလောင်) ပရိယတ္တိစာသင်တိုက် ဆံတော်ရှင်တိုက် တံခွန်တိုင်ရပ်ကွက် ပြည်ကြီးတံခွန်မြို့နယ် မန္တလေးမြို့ ဖုန်း–၀၂–၅၄၉၉၇၊ ဦးအောင်ဆန်းဟ ရွက်တောင်လက်ဖက်ပွဲရုံ ကျောက်မဲမြို့နှင့် ဦးရွှေကြိမ်း ရွှေလင်းယုန်လက်ဖက်ရည်ဆိုင် နမ့်ဆန်မြို့တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

**ရန်ကုန် ဗိုလ်တထောင်မြို့နယ် (၄၁)လမ်းနေ ဦးအောင်ခိုင်–ဒေါ်သင်းသင်း မိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ်တစ်သိန်းကို ပိဋကတ်ဆရာတော် ဘဒ္ဒန္တစာရိန္ဒာဘိဝံသထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ–နိ (ရန်ကုန်ဌာန) ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။**

(ကြေးမုံ)



**အလှူရှင်များဖြစ်ကြသည့် ဦးမြင့်လွင်–ဒေါက်တာလုလုကြည်၊ မနန္ဒီ မောင်မောင်လွင်၊ မအေးနှင်းယု၊ မောင်စိုးသီဟ၊(ဦးဝင်းနိုင်)–ဒေါ်မေမေယဉ် မိသားစုနှင့် Mr. Yeh Po Chin & Friends မိသားစုတို့က စုပေါင်း၍ ECG နှလုံးစမ်းသပ်စက်တစ်လုံးနှင့် ဆေးပစ္စည်းများ တန်ဖိုးငွေ ကျပ် ၁၄၅၄၁၀၀ကို ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးသို့ စက်တင်ဘာ ၂၀ရက်က လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာစမ်းစမ်းလှိုင်က ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။** (၂၃)



## ပြင်ဆင်ဖတ်ရှုပါရန်

**ရန်ကုန် စက်တင်ဘာ ၂၀**

စက်တင်ဘာ ၁၈ရက်ထုတ် မြန်မာ့အလင်း သတင်းစာနှင့် စက်တင်ဘာ ၁၉ရက်ထုတ် ကြေးမုံ သတင်းစာပါ သာသနာရေးဝန်ကြီးဌာနသို့ အလှူတော်ငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားသတင်းတွင် သီရိသုဓမ္မမဏိဇောတရေ ဦးတင်ဝင်း–သီရိသုဓမ္မသီရိ ဒေါ်စန်းစန်းဝင်း(မြန်မာပြည်သားဟော့KNကုမ္ပဏီ)၏ လှူဒါန်းငွေကို ငွေကျပ် ၁၀၈သိန်းဟု လည်းကောင်း၊ အလှူရှင် သီရိသုဓမ္မသီရိ ဒေါ်ဒေါ်ကျင်(မင်္ဂလာတောင်ညွန့်မြို့နယ်)၏ လှူဒါန်းငွေကို ငွေကျပ် ၁၀သိန်းဟု လည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန်။

(သတင်းစဉ်)

## တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများအား ချီးမြှင့်

**ရန်ကုန် စက်တင်ဘာ ၂၀**

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီမှ လသာမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ရှိ အသက်(၇၅)နှစ်ပြည့် သက်ကြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ၂၀၀၆–၂၀၀၇ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်သည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် သားသမီးများသို့ ချီးမြှင့်သည့် ပညာသင်ထောက်ပံ့ငွေ ပေးအပ်ပွဲကို စက်တင်ဘာ ၁၂ရက် နံနက် ၁၀နာရီက လသာမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ရုံး၌ ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးကျင်မှိန်(ငြိမ်း) နှင့် တာဝန်ရှိသူများက လေးဘာသာဂုဏ်ထူးရှင် မချောစုစုညိမ်းအား ချီးမြှင့်ငွေကျပ် ၄၀၀၀၀နှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့မှလည်း ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)**

(၄၁)



## The LIVE NEWS ဂျာနယ် အမှတ်(၅၃) ထုတ်ဝေဖြန့်ချီ

**ရန်ကုန် စက်တင်ဘာ ၂၀**

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ်ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The LIVE NEWS ဂျာနယ် အမှတ်(၅၃)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။

နှန်းချိုချိုမီးရထား စီးနင်းသူတို့များ၊ ပန်းမြိုင်လယ်မှ အမှတ်တရ၊ အချစ်ရေးဘယ်နားရောက်နေမှန်းမသိတဲ့ မိုးအောင်ရင်၊ မီးတောင်ကျွန်းက မပို့ဖြစ်သောစာများ၊ အမေရိကန်က အီရန်ကိုတိုက်ခိုက်ရေးမှာ ရှောင်လွှဲ၍ မရနိုင်တော့ဟုဆို၊ စွမ်းအားပြင်းဖုံး အပြိုင်လုပ်နေသည့် ရုရှားနှင့် အမေရိကန်၊ ရှင်ဖိုအာဘေးသို့မဟုတ် လှေကွဲကြီးကိုစီးမိသူ၊ သုံးပင်လိမ်ကြိုးတစ်ချောင်း သို့မဟုတ် လှုပ်ခတ်လာသော ပါကစ္စတန်နိုင်ငံရေး၊ အရင်းစိုက်ပြီး အမြတ်မယူကြသူများအကြောင်း၊ လေးမည်ရခဲ့တဲ့ ဗိုလ်ဆွန်ပက်လမ်း၊ တက္ကစီမင်းနှင့် ခြင်းဂျူတီ၊ ၂၀၀၇ခုနှစ် စက်တင်ဘာ ၂၂ရက်မှ ၂၈ရက်အတွင်း မွေးဖွားသော မျိုးဆက်သစ်ကလေးငယ်များ၏ ဘဝတစ်သက်တာ ကံဇာတာ၊ ကိုရီးယားရုပ်ရှင် ကြိုတင်ဇာတ်လမ်းများ စသည့် သတင်း၊ ဆောင်းပါး၊အားကစား၊အနုပညာကဏ္ဍများကို လယ်တွင်းသားစောချစ်၊ မြင်းမူမောင်နိုင်မိုး၊ နီမင်းဆွေ၊ ကိုကိုလှိုင်၊ မောင်မြတ်မွန်(ဆူးလေ)၊ သက္က(ခေတ္တရာ)၊ သစ်လွင်မိုး၊ မောင်နေလင်း၊ ရဲဇော်(ဇီးကုန်း)နှင့် အမြို့မြို့ အနယ်နယ်မှ စာရေးဆရာ၊ သတင်းစာဆရာများက ဝေဝေဆာဆာ တင်ဆက်ထားသည်။

The LIVE NEWS ဂျာနယ်နှင့် နွယ်သာကီမဂ္ဂဇင်းသို့ စာမူပေးပို့လိုသူများ ဖြန့်ချိရေးကိစ္စ ဆောင်ရွက်လိုသူများသည် အမှတ်(၃၁၀) ဝါးတန်းလမ်း မြေညီထပ် အခန်း(၀၀၄)လမ်းမတော် မြို့နယ် ဖုန်း–၂၂၉၈၈၂၊ ၂၂၉၈၈၅ တို့သို့ ဆက်သွယ် ဆောင်ရွက်နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)



**မွန်ပြည်နယ် ချောင်းဆုံမြို့ အထက ပညာရည်ချွန်ဆုပေးပွဲကို သြဂုတ် ၄ရက်က ကျင်းပရာ ပညာသင်ထောက်ပံ့ငွေ ချီးမြှင့်နိုင်ရေးအတွက် ဒေါ်အေးသန့် ပညာသင်ဆု ထာဝရရန်ပုံငွေပဒေသာပင်အဖြစ် အလှူငွေကျပ် ၁၀သိန်းကို ကွယ်လွန်သူ ဒေါ်အေးသန့်ကိုယ်စား မောင်ဖြစ်သူ ဦးဝင်းကြည် (အငြိမ်းစားကျန်းမာရေးမှူး)က ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမူ လက်ခံစဉ်။**

(ပညာရေး)

## ရောဝတီနှင့်သံလွင် မြစ်ရေသတိပေး

**နေပြည်တော် စက်တင်ဘာ ၂၀**

ဧရာဝတီမြစ်ရေသည် ယနေ့နံနက် ၆နာရီခွဲအချိန် တိုင်းထွာချက်အရ ပြည်မြို့၌ ၂၈၅၈ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၂၉၀၀သို့ ရောက်ရှိနိုင်ဖွယ်ရာရှိသည်။

သံလွင်မြစ်ရေသည် ယနေ့နံနက် ၆နာရီခွဲအချိန် တိုင်းထွာချက်အရ ဘားအံမြို့၌ ၇၆၈ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၁၈စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၇၅၀ အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတိပေး ထုတ်ပြန်သည်။

# ပဲခူးတံတားနှင့် ဒဂုံတံတား တည်ဆောက်ရေးလုပ်ငန်းများ ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေး

## စက်ယန္တရားများ အကျိုးရှိရှိအသုံးပြုရေး၊ သတ်မှတ်ချိန်အမီ သေသပ်ကောင်းမွန်အောင်ဆောင်ရွက်ရေး မှာကြား

နေပြည်တော် စက်တင်ဘာ ၂၀

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၁၉ ရက် ညနေပိုင်းတွင် တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့ (၂)က တာဝန်ယူ တည်ဆောက်လျက်ရှိသော ပဲခူးတံတား တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ ဝန်ကြီးနှင့် တာဝန်ရှိသူများအား တာဝန်ခံအင်ဂျင်နီယာမှူး ဦးခင်မောင်ဆွေက ပဲခူးတံတားလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။**

ဝန်ကြီးက တံတားလုပ်ငန်းများကို အဖွဲ့ခွဲဆောင်ရွက်ရေး၊ လိုအပ်သည့် စက်ယာဉ်ယန္တရားများ အကျိုးရှိရှိ အသုံးပြုနိုင်ရေးတို့ကို မှာကြားပြီး လိုအပ်ချက်များ ဖြည့်ဆည်းပံ့ပိုးပေးသည်။

### ရှင်းလင်းတင်ပြ

ဝန်ကြီးနှင့်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့ (၁)က တာဝန်ယူတည်ဆောက်လျက်ရှိသည့် ဒဂုံတံတားတည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ဝန်ကြီးနှင့်အဖွဲ့အား တာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင့်လွင်က တံတားကြီးရာခိုင်နှုန်းပြည့်ပြီးစီးမှုနှင့် အချောသပ်လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက တံတားကြီးကို မကြာမီ ဖွင့်လှစ်တော့မည်ဖြစ်၍ သတ်မှတ်ချိန်အမီ အချောသပ်လုပ်ငန်းများ သေသပ်ကောင်းမွန်အောင်ဆောင်ရွက်ရန် မှာကြားသည်။

ဒဂုံတံတားသည် သံကူကွန်ကရစ် R.C.D ဘိုးပိုင်အုတ်မြစ်နှင့် ကြိုတင်အားဖြည့် ကွန်ကရစ် ရက်မနှင့် သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်ပြီး စုစုပေါင်း အရှည်ပေ ၄၅၄၀ နှင့် ယာဉ်သွားလမ်း အကျယ် ၇၂ ပေရှိသည့် ယာဉ်ခြောက်လမ်းသွားနှင့် လူသွားလမ်း တစ်ဖက်လျှင် ခြောက်ပေစီ နှစ်ဖက်ပါရှိ၍ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန် ၇၅ တန်ဖြစ်သည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် တံတားကြီးပေါ်သို့ မော်တော်ယာဉ်များဖြင့် တက်ရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက တာဝန်ရှိသူများအား တံတားကြီးကို သတ်မှတ်ချိန်အမီ အရည်အသွေး ပြည့်ဝကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်ရန်၊ လမ်းအလွှာလိုက် ခင်းကြိတ်၍ လမ်းအရည်အသွေးထိန်းကွပ်ရေးအဖွဲ့များနှင့် စနစ်တကျလုပ်ကိုင်ရန်တို့ကို မှာကြား၍ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





### ကြည့်ရှုစစ်ဆေး

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ပဲခူးတံတား တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။** (ဆောက်လုပ်ရေး)

***အင်တာနက် အားကစား သတင်း***

# ပေကျင်း အိုလံပစ် အားကစားပြိုင်ပွဲအတွက် အားကစားပြိုင်ပွဲရုံများကို တည်ဆောက်ပြုပြင်

**ရန်ကုန် စက်တင်ဘာ ၂၀**

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ၂၀၀၈ ခုနှစ် အိုလံပစ် အားကစားပွဲတော်အတွက် အားကစားပြိုင်ပွဲရုံများကို အသစ်တည်ဆောက်ခြင်းနှင့် တည်ရှိဆဲ အားကစားပြိုင်ပွဲရုံများကို မွမ်းမံပြင်ဆင်ခြင်းတို့ ပြုလုပ်လျက်ရှိကြောင်း ချိုင်းနားဖီးချားစ် (China Features) စာစောင်တွင် ရေးသားဖော်ပြသည်။

အသစ်တည်ဆောက်ခြင်းနှင့် မွမ်းမံပြင်ဆင်ခြင်းတို့ ပြုလုပ်နေသည့် အားကစား ပြိုင်ပွဲရုံ ၃၁ ရုံအနက် အထူးခြားဆုံး အားကစားပြိုင်ပွဲရုံများမှာ အမျိုးသား အားကစားပြိုင်ပွဲရုံနှင့် အမျိုးသား ရေကူးကန်တို့ ဖြစ်သည်။

အမျိုးသား အားကစားပြိုင်ပွဲရုံမှာ ၄က်သိုက်ပုံသဏ္ဌာန် တည်ရှိမည်ဖြစ်ပြီး စတုရန်းမီတာ ၂၅၈၀၀၀ အကျယ်အဝန်းရှိ မြေပေါ်တွင် တည်ဆောက်ထားသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ●**



**၂၀၀၈ ခုနှစ် ပေကျင်းအိုလံပစ်အားကစားပွဲတော် ဘောလုံးပြိုင်ပွဲများကျင်းပမည့် ရှန်ဟိုင်းမြို့မှ ခေတ်မီဘောလုံးကွင်းကြီးကို တွေ့ရစဉ်။** *(ဓာတ်ပုံ–ပေကျင်းရီဗျူး)*

### အင်အားပြင်း ငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် စက်တင်ဘာ ၂၀

**ယနေ့ ညနေ ၃ နာရီ ၄ မိနစ် ၄၀ စက္ကန့်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ တောင်ဘက် မိုင် ၁၄၀၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပနေရာ (ဆူမားတြားတောင်ပိုင်း အင်ဒိုနီးရှားနိုင်ငံ)ကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၆ ဒသမ ၆ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။**

(သတင်းစဉ်)